မနာပဒါယီ အရှင်ဝိစိတ္တ

ကိုယ့်အတွက် ရေးသည့် သူ့အတွက် စာစုများ



ပုံနှိပ်ဖော်တမ်း

စီစဉ်သူ

အရှင်ရေဝတ (ပျိုးခင်းအရှင်)

ထုတ်ဝေသူ

ဦးစိုးဝင်း (အိပ်မက်ရိပ်စာပေ)[ဝ၀၁၉၀]

အမှတ် (၁၀၄)၊ အောင်ဓေယျလမ်း၊

လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးအောင်ဓော်ထွန်း

(ပုံရိပ်ရှင် ပုံနှိပ်တိုက်) [ဝ၀၈၃၆]

အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းအပြင်အဆင်

လင်းဇာနည် (အလင်းအိမ်မီဒီယာ)

ပထမအကြိမ်

၂၀၁၇ ခုနှစ်၊ မေလ

အုပ်ရေ - ၃၀၀၀

တန်ဖိုး - ၁၀၀၀ ကျပ်

ဖြန့်ချိရေး

မနာပဒါယီဖောင်ဒေးရှင်း

အိမ်တော်ရာတိုက်၊ သီရိဓေယျံကျောင်း၊

မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၁ ၃၈၃၇၉၆

မနာပဒါယီ အရှင်ဝိစိတ္တ ၂၉၄.၃

ကိုယ့်အတွက်ရေးသည့် သူ့အတွက် စာစုများ/ မနာပဒါယီ အရှင်ဝိစိတ္တ။ -ရန်ကုန်။

အိပ်မက်ရိပ်စာပေ၊ ၂၀၁၇။

၁၀၈-စာ၊ ၁၁.၁ x၁၉.၃ စင်တီမီတာ

(၁) ကိုယ့်အတွက်ရေးသည့် သူ့အတွက် စာစုများ

ကိုယ့်အကြောင်းကိုယ် ပြောကြည့်ခြင်း

"မနာပဒါယီ အရှင်ဝိစိတ္တ (ကိုရီးယား)"

- သာသနာကပေးတဲ့ အမည်ရင်းက
  "အရှင်ဝိစိတ္တ" ဗုဒ္ဓဟူးသား။

- စာရေးတဲ့ ကလောင်အမည်က
  "မနာပဒါယီ" နှစ်သက်ဖွယ်ကို ပေးလျှောတတ်သူ။

- တရားနာပရိသတ်တွေ ခေါ်လေ့ရှိတာက
  "ကိုရီးယားဆရာတော်"
  ကိုရီးယားမှာ သာသနာပြုနေတဲ့ ဘုရားသားတော်။

- ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ အုတ်ဝင်းရွာလေးမှာ မွေးခဲ့ပေမယ့် မြန်မာနိုင်ငံ အနှံ့အပြား၊ အာရှတလွှား၊ ဥရောပနိုင်ငံများအပါအဝင် အသစ်မှာ နေရင်း ထိုင်ရင်း၊ သွားရင်းလာရင်း၊ သင်ယူလေ့လာ ဟောပြော မျှဝေရင်း

အချိန်တွေက စားသွားခြင်းကို ခံနေရ၊ တဖြည်းဖြည်းနဲ့ လေးဆယ်ကျော်အရွယ် ရလာခဲ့။

- ကြည်ညိုတဲ့သူတွေက စာရေးစာချ၊ တရားဟော တရားပြ၊ ပရဟိတပါ မျှနေလို့ "စွယ်စုံရကိုယ်တော်" တဲ့။ ကိုယ့်ကိုယ်ကိုယ်ကတော့ ဘာမှ အကြောက်ကြီး မဟုတ်တဲ့ ဘဝခရာမှာ ရသမျှ အကုန်လုပ်နေရတဲ့ "အစုံလုပ်ကိုယ်တော်" လို့ပဲ ခံယူထားတာပေါ့။

- အားနာတတ်တာ၊ လူမှုရေး ညံ့တာ၊ လောကွတ် မလုပ်တတ်တာ၊ တောင်းရမှာ ကြောက်တာတွေဟာ ဘဝရဲ့ အဓိကအားနည်းချက်တွေပါပဲ။

- လောလောဆယ်တော့ "မြန်မာ-ကိုရီးယားမှာ ရှိတဲ့ ကျောင်းတိုက်များရဲ့ ပဓာနတာဝန်တွေနဲ့အတူ စာတွေ ရေးရင်း၊ စာပေပို့ချရင်း၊ တရားမဟောပြော ပြသရင်း မနာပဒါယီ ဖောင်ဒေးရှင်း၊ မနာပဒါယီ ပညာရေး စင်တာ၊ မနာပဒါယီ လူမှုကူညီရေးအသင်းများရဲ့ အကျိုးဆောင်ပဲ့ကိုင်အဖြစ် ဘဝကို အနှစ်ရှိရှိ ထုဆစ်ကာ သာသနာ့ နောင်တော် ညီတော်များရဲ့ မေတ္တာကို ခံယူလျက် "မနာပဒါယီ ဘာသာစကား တက္ကသိုလ် Manapadayi Language Academy (MLA) ကို တည်ထောင်နိုင်ဖို့ စွမ်းနိုင်သမျှ ပေးဆပ်လျက်ရှိ နေတယ်" လို့ပဲ ဆိုကြပါစို့...။

မာတိကာ

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

အားမငယ်နဲ့

ဘယ်သူရှိရှိ မရှိရှိ
ကိုယ့်အနားမှာ ကိုယ်ရှိနေတာပဲလေ
အားငယ်မနေပါနဲ့။

ဘယ်သူသိသိ မသိသိ
ကိုယ့်ဘာသာကိုယ် သိနေတာပဲလေ
အားငယ်မနေပါနဲ့။

ဘယ်သူအားပေးပေး မပေးပေး
ကိုယ့်ကိုယ်ကိုယ်ပဲ အားပေးရမှာပဲလေ
အားငယ်မနေပါနဲ့။

ဘယ်သူထောက်ခံခံ မခံခံ
ကိုယ့်ဘာသာကိုယ်ပဲ ထောက်ခံရမှာပဲလေ
အားငယ်မနေပါနဲ့။

ဘယ်သူဆဝပ်ဆဝပ် မဆဝပ်ဆဝပ်
ကိုယ့်အကြွေးတော့ ကိုယ်ဆဝပ်ရမှာပဲလေ
အားငယ်မနေပါနဲ့။

ဘယ်သူလုပ်လုပ် မလုပ်လုပ်
ကိုယ့်အတွက်တော့ ကိုယ်လုပ်ရမှာပဲလေ။
အားငယ်မနေပါနဲ့။

အရင်းစစ်တော့
ကိုယ်သာလျှင် ကိုးကွယ်ရာအစစ်
ကိုယ်ဖြစ်ကိုယ်ခံ၊ ကိုယ်ကောင်းကိုယ်စံ
ကိုယ်မှားကိုယ်ပြင်၊ ကိုယ်လဲကိုယ်ထ
အားလုံးဟာ ကိုယ်သာပဓာနပါပဲ။
ဘာမှ အားငယ်မနေပါနဲ့။
ကိုယ့်အတွက်က ကိုယ်ရှိပြီးသားပဲလေ။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္ထ

စိတ်ခံစားမှု (Emotion) ကို ထိန်းကြည်ခြင်း

အမေရိကန်၏ သမိုင်းဝင် စံပြ သမ္မတကြီး အီဗရာ လင်ကွန်း၏ (Emotion) ကြောင့် ဖြစ်ပေါ်လေ့ရှိသည့် ဒေါသထိန်းချုပ်မှုလေးကို သဘောကျမိ၏။ သမ္မတလင်ကွန်းသည် တစ်ယောက်ယောက်ကို စိတ်ဆိုး စိတ်တို ဖြစ်သည့်အခါ သူပြောချင်သည့် အရာများကို ချက်ချင်းဆိုသလို စာရွက်တစ်ရွက်ပေါ်တွင် ချရေးပြီး ထိုသူထံသို့ ပေးမည်ဟု ရည်ရွယ်ကာ စာအိတ်ထဲထည့်၍ ပိတ်ထားလိုက်၏။ သို့သော် ချက်ချင်း မပေးသေးဘဲ၊ နောက်တစ်နေ့မှ ပေးရန်" ဟူ၍လည်း စာအိတ်ပေါ်တွင် ရေးထားလိုက်၏။ "နောက်တစ်နေ့ ထိုစာကို ပေးခါနီးတွင် တစ်ခေါက်ပြန်ဖတ်ပြီး မပေးဖြစ်တော့ဘဲ ပြန်သိမ်းထားဖြစ်၏။ ဤနည်းဖြင့် ရေးထားပြီး မပေးဖြစ်ခဲ့သည့် သမ္မတလင်ကွန်း၏ စာများသည် ကြာလာသည့်အခါ အပုံလိုက်ကြီး ဖြစ်နေခဲ့သည် ဟူ၏။

သမ္မတလင်ကွန်း၏ (Emotion) စိတ်ခံစားမှု ထိန်းချုပ်နည်းလေးသည် အလွန်ကောင်းလှပေ၏။

Emotion ကို ချက်ချင်းအကောင်အထည် မဖော်ဘဲ တစ်ခြားနည်းဖြင့် အစားထိုးဖြေဖျောက်နိုင်ခြင်းပင် ဖြစ်၏ လူတို့၏ စိတ်ခံစားမှုသည် အလွန် လျင်မြန်လှ၏။ ခံစားမှုဖြစ်ဖြစ်ချင်း အကောင်အထည်ဖော်မိလျှင် များသောအားဖြင့် အမှားများသာ ဖြစ်ပေါ်တတ်၏။ စိတ်ခံစားချက်ကို တစ်ခြားအာရုံ တစ်ခုခုဖြင့် အစားထိုး ထိန်းချုပ်နိုင်မှသာ အပြစ်ဖြစ်သက်သာပေ၏။

မြင်လျှင် အပြစ်ဖြစ်မည် ဆိုပါက မမြင်အောင် နေကြည့်သင့်၏။ အထူးသဖြင့် ယနေ့ခေတ်တွင် အသုံးများနေသည့် အွန်လိုင်းပေါ်မှ အကြောင်းအရာများတွင် တစ်ချို့ စာ၊ တစ်ချို့မှတ်ချက်များသည် မြင်နေဖတ်မိနေလျှင် အပြစ်ခံစားမှုများကိုသာ တိုးနေတတ်သည်ကို တွေ့ရတတ်၏။ ထိုသို့သော အခြေအနေတွင် အင်တာနက်ပိတ်ကာ မမြင်မဖတ်ဘဲ နေလိုက်ခြင်းကသာ အကောင်းဆုံးဖြစ်၏။ ဤနည်းသည် ခံစားချက်ကို တစ်ခြားနည်းဖြင့် ထိန်းချုပ်ကြည့်ခြင်းပင် ဖြစ်၏။

ထို့အတူပင်၊ ကြားလျှင် ခံစားမှု ဖြစ်ပေါ်နိုင်ပါက မကြားသလို နေကြည့်သင့်၏။ မကြားရန် အတွက် နားကို ပိတ်ဆို့ထားရမည် မဟုတ်ပေ။ ကြားသမျှ အသံပေါ် လိုက်မခံစားမိရန်သာ ဖြစ်၏။ စင်စစ် ကြားခြင်းသည် အသံကိုသာ ကြားခြင်းဖြစ်၏။ အသံသည် အသံသာဖြစ်၏။ သီချင်းသံလည်း အသံ၊ ဆဲသံလည်း အသံ၊ တရားသံလည်း အသံပင် ဖြစ်၏။ အသံဟူသည် မခံစားသမျှ အကြားမျှသာ ဖြစ်၏။

ခံစားလိုက်မှသာ ကြိုက်ခြင်း မကြိုက်ခြင်းများ ဖြစ်လာပြီး ပြောင်းသွားခြင်းဖြစ်၏။ ခံစားမှုပါလာ လျှင် အပြစ်တွေလည်း ပါလာမည်သာ ဖြစ်၏။

ထို့ကြောင့် စိတ်ခံစားမှုကို အာရုံပြောင်း ပေးခြင်း၊ သိမှတ်ပေးခြင်းဖြင့် အထိုက်အလျောက် ထိန်းချုပ်နိုင်ကြောင်း ဆိုခြင်း ဖြစ်၏။

Like | Comment | Share

Status | Photo | Check In

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

သတိပြုပါ

ရုပ်လှစေဖို့ အဆင်းတန်ဆာ ဆင်မြန်းကြတယ်။
အလှပြင်ရင်း ပိုလှမလာဘဲ အိုတွေလာကြတယ်။
အနာမရဖို့ ဆရာပြကြတယ်။
ဆရာပြရင်း အနာမကျဘဲ ဆရာလည်းပြာ
ပိုလည်း နာလာကြတယ်။
အသက်ရှည်ဖို့ အစားစားကြတယ်။
အစားစားရင်း အသက်ပိုရှည်မလာဘဲ
သေဖို့ ပိုနီးလာကြတယ်။
အဓိကကတော့
ရုပ်မအိုဖို့ထက် စိတ်မတိုဖို့ပါ။
ရုပ်မနာဖို့ထက် စိတ်မနာဖို့ပါ။
ရုပ်အသက်ရှည်ဖို့ထက် သံသရာအဆက် မရှည်ဖို့ပါ။
အစားစားဖို့ အလုပ်မလုပ်ပါနဲ့၊
အလုပ်လုပ်ဖို့ပဲ အစားစားကြပါ။

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

သူအကြောင်း ကိုယ့်အကြောင်း

တပည့်တစ်ယောက်က ဖုန်းဆက်ပြီး လှမ်းလျှောက်တယ်။

"ဘုန်းဘုန်းဘုရား၊ ဦးဇင်းတစ်ပါးက ဖေဖေ့ဘက်အကောင့်တစ်ခုမှာ ဘုန်းဘုန်းကို ရွဲ့စောင်းပြီး ရေးထားတာ တွေ့တယ်ဘုရား။ အဲဒါ ဘုန်းဘုန်း ဘာမှ ပြန်မရေးဘူးလားဘုရား" တဲ့။

"မရေးပါဘူးကွာ။ သူထင်သလို ကိုယ်မှ မဟုတ်တာ၊ ကိုယ့်စေတနာနဲ့ ကိုယ့်လုပ်ရပ် ကိုယ်သိနေတာပဲဆိုတော့ သူတို့ ဘယ်လိုပဲ စောင်းစောင်း ကိုယ် မပြောင်းဖို့ပဲ အရေးကြီးတယ်။ သူရွဲ့သလို ကိုယ်လိုက်ရွဲ့ရင် ဘယ်မှာ တည့်မှာလဲ။ သူအလိုမကျတာကို ကိုယ်ပါလိုက်ပြီး အလိုမကျဖြစ်ပြရင် သံသရာကဆုံးမှာ မဟုတ်ဘူးလေ။ ပြီးတော့ ကိုယ့်မှာ သူတို့လို သူတစ်ပါးအကြောင်း ရွဲ့စောင်းပြောနေဖို့ အချိန်မှ မရှိတာ။ ထားလိုက်ပါ ငါ့တပည့်ရာ"

လို့ပဲ ဆရာထိလို့ မကျေမနပ်ဖြစ်နေတဲ့ တပည့်လေးကို ပြန်ပြောဖြစ်ပါတယ်။

ဟုတ်တယ်။ လောကမှာ တစ်ချို့က အတော်သနားဖို့ကောင်းတယ်။ သူများအပြစ်ကို ရှာဖို့ အချိန်ပေးရတဲ့သူတို့ရဲ့ ဘဝဟာ အချိန်လည်းကုန် အပူလည်းရ သံဝေဂရစရာပါပဲ။ ဘုန်းဘုန်းတို့က တော့ အဲဒီလူတွေအပေါ် အပြစ်မြင်ဖို့ထက် ကရုဏာ ပဲ ဝင်နေမိတော့တယ်။

နောက်ဆုံးတော့လည်း-

သဗ္ဗေသတ္တာ ကမ္မဿကာ။

***

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

အစားထိုးမရ မိန့် ၈

ညော် အမေ အမေ····

"သားရဟန်း နိုင်ငံခြားကြွ၊ ဆေးကုတယ် ဆိုတဲ့ သတင်းကြားကတည်းက မေတ္တာတွေ ပို့ရင်း ပါးပြင်မှာ မျက်ရည်တွေ စီးကျနေတယ်တဲ့လေ။ အသက်အရွယ်ကြီးနေတဲ့ အမေအိုက သားအတွက် စိုးရိမ်နေတာတဲ့။

ရန်ကုန်ပြန်ရောက်တော့လည်း ရွာကနေ သားရဟန်းရှိတဲ့ ရန်ကုန်ကျောင်းကို လာဖို့လုပ်တော့ တစ်ညလုံး အိပ်မပျော်ဘဲ မိုးမြန်မြန်လင်းပါစေလို့ ဆုတောင်းနေပါတယ်တဲ့။ ဆေးကုပြန်သားကို တွေ့ချင်လို့တဲ့။

သားရဟန်းကို မြင်တော့ မျက်ရည်တွေ စီးကျပြီး သမီးတွေ ပေးလိုက်တဲ့ ပိုက်ဆံလေးတွေ ထုတ်ပေးလို့ ဆေးဖိုးယူထားပါတဲ့။ မယူပါဘူး အမေ ရယ် ရှိပါတယ်ဆိုလည်း သမီးတွေက ပြန်မယူခဲ့နဲ့လို့ မှာလိုက်တယ်။ ယူထားလိုက်ပါဆိုလို့ ယူထားလိုက်တယ်။ အိမ်ပြန်မှ ပြန်ပေးလိုက်တာပေါ့။ အမေ့

စေတနာနဲ့ အမေ့မေတ္တာ မျက်ရည်တွေ ဝိုင်းနေတဲ့ မျက်နှာနဲ့ တုန်တုန်ရင်ရင် ဖြစ်နေတဲ့ အမေ့လက်တွေမှာ အထင်းသားပေါ်နေပါတယ်အမေ။

ကျောင်းမှာရှိနေတော့လည်း အမေ့မှာ စိတ်မချရ၊ သားရဟန်း အခန်းခဏခဏ လာလာကြည့်ရတာ အမောပဲတဲ့။ နောက်တစ်ခါ ဆေးသွားပြရင် ပိုက်ဆံရှိပါ့မလား တွေးပြီး ပြန်ရင်လက်ဝတ်လက်စားလေးတွေ လိုအပ်ရင် ပေါင်နှံသုံးဖို့ ထားပေးသွားမလို့တဲ့လေ။ ရှိပါတယ်။ အမေရယ်၊ အဲဒီအတွက် မပူပါနဲ့လို့ မနည်းပြောနေရတယ်။

ဒါတွေ အားလုံးဟာ စကားနည်းတဲ့ အမေ့ထံက ထွက်လာတဲ့ အမေကိုယ်တိုင် သားရဟန်းကို ပြောပြနေတဲ့ စကားတွေပါ၊ အရင်တုန်းက အမေ့မေတ္တာက အေးစက်လိုက်တာလို့ ထင်ခဲ့ပေမယ့် သားရဟန်း တကယ်ဝေဒနာခံစားရပြီဆိုတော့ ပြောလိုက်တဲ့စကား၊ အားပေးလိုက်တဲ့ အားပေးသံ အမေဒီလောက် စကားတတ်မယ်လို့တောင် မတွေးမိဘူး။ ကိုယ်နှုတ်စိတ် သုံးပါးလုံးကနေ ဖြစ်ပေါ်လာနေတဲ့ အမေမေတ္တာ၊ အမေ့စေတနာတွေဟာ ဟန်ဆောင်မှု မရှိဘဲ ရင်ထဲကလာတယ် ဆိုတာ အထင်အရှားတွေ့မြင်နေရတော့တာပါပဲလေ။

အဖေကလည်း ဒီလိုပါပဲ။ အမေလို ကိုယ်နှုတ်အမူ အရာတွေ ထင်ထင်ရှားရှား မပြပေမယ့် အဖေ့မျက်နှာမှာ မေတ္တာ၊ စေတနာတွေ အပြည့်ရှိနေတယ်ဆိုတာ သားရဟန်း ခံစားမိပါတယ်။ အဖေကလည်း သားရဟန်းမှာ ပိုက်ဆံရှိပါတယ် ဆိုတာတောင် အိမ်ကပါလာတဲ့ ငွေတွေ ပြန်မပေးလိုက်ဖို့ပဲ

အတင်းပြောနေတော့တာပဲ။ အပြည့်အစုံကြီးမဟုတ်တဲ့မိဘ၊ သားရဟန်း ဆေးဖိုးအတွက် ငွေကြေးမလုံလောက်မှာ စိုးရိမ်နေကြတယ်လေ။

အဲဒါပါပဲ။ မိဘ ဆိုတာ အသက်တွေ ဘယ်လောက်ပဲ ကြီးကြီး၊ ဝေဒနာတွေ ဘယ်လောက်ပဲ ရှိရှိ သားသမီးတွေ ဖြစ်ပြီဆိုတော့ သူတို့အသက်အရွယ်၊ သူတို့ဝေဒနာက အရေးမကြီးတော့ဘူး။ သားသမီးတွေ အရေးက အဓိက ကျသွားတော့တာပဲလေ။ ကိုယ်တွေကသာ မိဘကို ပေးခါနီး ကျွေးခါနီး ဟိုတွက် ဒီတွက် တွက်နေကြတာ မိဘတွေကတော့ သူတို့မစားရရင်နေပါစေ ကိုယ်တွေလို တွက်နေမှာ မဟုတ်ပါဘူး။ သားသမီးနဲ့ ပတ်သက်လာရင် ဈေးတွက် တွက်နေတဲ့အထဲမှာ မိဘမပါဘူးဆိုတာ အသေအချာပါပဲ။

ယောက်ျားမရှိရင် ယောက်ျားအစားယူလို့ရတယ်။ မိန်းမ မရှိရင် မိန်းမ အစားယူလို့ရတယ်၊ အဖေအမေကတော့ ဘယ်တော့မှ အစားထိုးလို့ မရပါဘူး။ ယောက်ျားကောင်းတယ်၊ မိန်းမကောင်းတယ်ဆိုတာ အဖေအမေ ဆိုးတာလောက်ပဲ ရှိပါတယ်။

ဒါကြောင့် ဘယ်တော့မှ တန်းမညှိနဲ့၊ မိဘကို ဘယ်တော့မှ မပြစ်မှားနဲ့၊ အခြေအနေတစ်ခုအရ ကိုယ့်ဆန္ဒ မဖြည့်ပေးနိုင်ပေမယ့် နလုံးအိမ်အတွင်းက မိဘစိတ်ရင်းဟာ သားသမီးအပေါ် ဘယ်တော့မှ အဆိုးကို မဖော်ဘူးဆိုတာ သတိမမေ့ကြပါနဲ့။

မိဘများရဲ့ မေတ္တာကို ခံယူရင်း

သားရဟန်း

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

အသားကျရောဂါ

အလိမ်အညာတွေမှာ အသားကျလာတော့
ကိုယ့်ကိုယ်ကို သစ္စာရှင်လို့တောင်
ထင်နေပါပေါ့လား။
မဟုတ်တာတွေမှာ အသားကျလာတော့
အရှုတ်ကို အဟုတ်လို့ ထင်နေပြန်ပြီပေါ့။
အမှားတွေနဲ့ အသားကျလာတော့
အမှန်တရားက ချောင်ထိုးထားခံနေရပြီလေ။
ရုပ်ဝတ္ထုတွေနဲ့ အသားကျလာတော့
စိတ်ဓာတ်တွေက မိုင်းနပ်စစ် (Minus) ပြနေပြီပေါ့။
ဘာနဲ့ပဲ အသားကျကျ အမှားမရဖို့နဲ့ တရားမချဖို့
အရေး
သတိတရားနဲ့ အသားကျအောင်တော့
လေ့ကျင့်ပေးရမှာပဲပေါ့။

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

ရဟန်းသံဃာနဲ့
ဒကာ ဒကာမ ဆက်ဆံရေး

ယနေ့ခေတ် ရဟန်းသံဃာ ကိုးကွယ်မှုအပိုင်းမှာ မနီးမဝေး ကိုးကွယ်ဆည်းကပ်တာ ပိုကောင်းတယ်။ ဘုန်းကြီးကျောင်းကို သွားစရာရှိရင် သွား၊ လှူစရာရှိရင် လှူ။ တရားနာစရာ ရှိရင် နာ၊ မေးစရာရှိရင် မေး၊ ပြီးရင် ကိုယ့်သဒ္ဓါတရားနဲ့ကိုယ် ပြန်လာတာကောင်းတယ်။ မဟုတ်လို့ ရဟန်းသံဃာအချို့နဲ့ သိပ်ပြီး အနေနီးသွားရင် အားနည်းချက်တွေ၊ ချို့ယွင်းချက်တွေ၊ ဘုန်းကြီးရဟန်းနဲ့ မလျော်တဲ့အချက်တွေ တွေ့သွားတဲ့အခါ ပုထုဇဉ်သဘာဝ သဒ္ဓါတရား ကွက်တက်ကြတယ်။ ပိုဆိုးတာက အသေးအဖွဲ အားနည်းချက်တွေပဲ ကြည့်မိပြီး အပြစ်တွေ လိုက်ယူမိနေတာက ပိုဆိုးတယ်။ ဝိနည်းတော်ရဲ့ အာပတ်အကြီး အာပတ်အသေးကို အာပတ်အကြီးထင်ပြီး အပြစ်မြင်သွားတာမျိုးလည်း ရှိတယ်။ သိပ်နီးသွားရင် စိတ်ကြီးစရာတွေပါ ကြုံရတတ်တယ်။

ဆုတ်ယုတ်ပြီး သဒ္ဓါတရား အားနည်းလာ

တဲ့ ခေတ်ကာလ အခြေအနေအရ ရဟန်းသံဃာ ဆည်းကပ်မှုအပိုင်းမှာ ကြိုးဆွဲရပ်သေး ကြည့်သလို တောင် ကိုးကွယ်ဆည်းကပ်ရမလို ဖြစ်နေပါတယ်။ ကြိုးဆွဲရပ်သေးဟာ အဝေးကနေကြည့်ရင် ရှုတ်နေ တဲ့ကြိုးကို မမြင်ရတော့ အတော်လေး ကြည့်ကောင်း ပါတယ်။ အနီးအနားကပ်ကြည့်လိုက်ရင်တော့ ရှုတ်နေတဲ့ ကြိုးတွေကြောင့် ကြည့်ရတာ အဆင် မပြေလှပါဘူး။ ဒီလိုပါပဲ၊ နောက်ပိုင်း သာသနာမှာ ကိုးကွယ်ခံသူဘက်ကရော ကိုးကွယ်သူတွေဘက် ကပါ အကျင့်သိက္ခာ ကျင့်ကြံမှုအပိုင်းတွေ အားနည်း လာတဲ့အတွက် နီးကပ်သွားတာနဲ့ အပြစ်ဖြစ်စရာ တွေ ပိုတွေ့လာရပြီး သဒ္ဓါတရား မခိုင်တဲ့သူဆိုရင် ဘာသာကူးပြောင်းတာတို့ ဘာသာမဲ့တာတို့တောင် ရှိလာသတဲ့လေ။ သိပ်နီးလို့ အပြစ်တွေ ပိုရသွားမယ် ဆိုရင် ရှပ်သေးကြည့်သလို အဝေးကသာ ဆည်းကပ် သင့်ပါတယ်။

အဲ အနေနီးလေ ပိုပြီး ကြည်ညိုဖွယ်ဂုဏ် တွေ များလာလေပဲ ဆိုရင်တော့ ဘယ်တော့မှ မခွာ ပါနဲ့။ ဒါဟာ မိမိသံသရာအတွက် အဘိုးမဖြတ်နိုင် တဲ့ လမ်းညွှန်ဆရာပဲ မဟုတ်လား။

ပြီးတော့ ကိုးကွယ်ခံ ရဟန်းဘက်ကလည်း အထူးသတိပြုရမှာက လူကို လူလိုပေါင်းလို့ ခင်မင် ရင်းနှီးတဲ့အတွက် ရရှိလာတဲ့ လာဘ်လာဘမျိုးကို လုပ်ပြီးတော့ မယူသင့်ပါဘူး။ လူမှုရေးကောင်းဖို့ အတွက် ဝိနည်းသိက္ခာပုဒ် ဖျက်တာမျိုးတော့ မဖြစ် သင့်ပါဘူး။ ဒကာ ဒကာမဆက် ဆံရေးမှာ တစ်ခါ တခါ ရင်းနှီးလို့ လျှုတာဟာ ကြည်ညိုလို့ လျှုတာ

မျိုး ဟုတ်ချင်မှ ဟုတ်မှာဖြစ်တဲ့အတွက် ရင်းနှီးတုန်း ကောင်းနေပြီး မရင်းနှီးတဲ့အခါ အပြစ်တွေ ပါလာ တတ်ပါတယ်။ တစ်ခုခုကို လုပ်ပေးလို့ လျှုတာမျိုး၊ ဥပမာလူတွေ မအားလို့ ကိုယ်က သူ့ကိစ္စကို လုပ်ပေး တာတို့၊ ဗေဒင်ဟော ဓာတ်ရိုက်ဓာတ်ဆင် လုပ်၊ ယတြာချေပေးတာတို့ စတာတွေဟာ သူတို့လိုတာ ကို ကိုယ်ကလုပ်ပေးတဲ့အတွက် ကိုယ့်ကို တစ်ခုခု ပြန်လျှုတာမျိုးပါ။ အဲဒါမျိုးက ဘာလုပ်ပေးလို့ ဘာ ရတာမျိုးဖြစ်တဲ့အတွက် ကိုယ်လုပ်မပေးတာနဲ့ သူတို့ကလည်း လျှုမှာ မဟုတ်တော့ပါဘူး။ လူ သဘာဝကလည်း အခက်သား လုပ်ပေးနေကျ မလုပ် ပေးရင် အရင်တုန်းက ဘယ်လောက်လုပ်ပေးခဲ့ခဲ့ အဲဒါတွေ မမြင်တော့ဘဲ အခုလုပ် မပေးတာကိုပဲ အပြစ်လုပ်တတ်တာ မဟုတ်လား။ ကြည်ညိုမှု သဒ္ဓါ တရားဟာ လူမှုရေးကောင်းရုံနဲ့ အစစ်အမှန် ကြည် ကြည်ညိုမှု ဖြစ်ချင်မှ ဖြစ်မှာပါ။

သဒ္ဓါတရားနဲ့ ကြည်ညိုခံမှုကသာ အကောင်းဆုံးပါပဲ။ သဒ္ဓါခိုင်လေ အကြည်ညို တိုး လေပါပဲ။ သဒ္ဓါတိုးဖို့ အတွက်ကတော့ အကျင့်မဆိုး အောင် ကြိုးစားရမှာဖြစ်ပါတယ်။ အကျင့်မဆိုးရင် သင့်တန်ခိုးလည်း တိုးနေမှာပဲပေါ့။

ဆိုလိုတာက မျက်မှောက်ခေတ် ရဟန်း တော်များနဲ့ ဒကာ ဒကာမ ဆက်ဆံရေးအပိုင်းမှာ သူ့လိုင်းနဲ့သူ ကိုးကွယ် ဆည်းကပ်တတ်ကြဖို့ပါပဲ။ ကိုးကွယ်သူကလည်း ကုသိုလ်တိုးအောင် ကိုးကွယ် ဖို့ အကိုးကွယ်ခံဘက်ကလည်း အကြည်ညိုခံထိုက် အောင် နေထိုင်ကျင့်သုံးဖို့ပဲ ဖြစ်ပါတယ်။ ကိုးကွယ်

ရာမှ ဘေးမဖြစ်ဖို့ ဆိုရင် လိုအပ်ရင် အဝေးကပဲ ဆည်းကပ်ပြီး ရုပ်သေးကြည့်သလို ကြိုးရှုပ်တွေ မတွေ့အောင် ရှောင်ကြဉ်ကာ အားနည်းချက် တွေ့ရင် လည်း အဲဒါ သူ့အပိုင်း၊ ကိုယ့်ဘက်က စိတ်အစဉ် မရိုင်းအောင် ကြိုးစားဖို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့် သူ့အပိုင်း ကိုယ့်အပိုင်း သူ့လိုင်း ကိုယ့်လိုင်း၊ သူ့သမိုင်း ကိုယ့်သမိုင်း မရိုင်းကြစေဖို့ ကိုယ့်အလုပ်ကိုယ် တာဝန်ကျေအောင် ကောင်းအောင် သာ လုပ်ကြဖို့ပါပဲ။ အလုပ်ကောင်းလုပ်နေတဲ့ ရဟန်း သံဃာကို လှူချင်တဲ့သူတွေက လိုက်ရှာနေတတ်သလို သဒ္ဓါကောင်းတဲ့ ဒကာဒကာမကို ချီးမြှောက်စောင့်ရှောက်ပေးမယ့် သူတော်ကောင်းတွေလည်း အများအပြားပဲ မဟုတ်လား။

***

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

သံဝေဂတမ်းချင်း

ချော် ဘဝ ဘဝ
မွေးလာကတည်းက ကိုယ့်ထမင်း ကိုယ်စားပြီး
ဘယ်အချိန် လာခေါ်မယ်မသိတဲ့ သေမင်းကို စောင့်နေ
ရတာ တစ်ဒုက္ခပါလား။
သေမင်း မလာခင် ကိုယ့်ရိုက္ခာ ကိုယ်ထုပ်ပြီး
အဆင့်သင့် လိုက်နိုင်အောင် ခုကတည်းက ပြင်ထားမှ
ဖြစ်မယ်။
တော်ကြာ ဟိုဟာကျန် ဒါကျန်ဖြစ်ပြီး လိုအပ်တာ
တွေ ဘာမှပါမသွားရင် ကိုယ်ပဲ ဒုက္ခရောက်မှာ
မဟုတ်လား။
မဖြစ်ဘူး အချိန်လေး ရှိတုန်း ကုသိုလ်အထုပ်ကလေး
ထုတ်ထားလိုက်ခုံးမှ။

- အပါယ်ဘေးက လွတ်ဖို့ကွယ် သီလအထုပ် ထုတ်ရမယ်။
- သံသရာမှာချမ်းသာဖို့ ဒါနအထုပ် ထုပ်ကြစို့။
- နိဗ္ဗာန်ရောက်ဖို့ ဆိုရင်ကွယ် ဘာဝနာအထုပ် ထုတ်ရမယ်။
- ရိုက္ခာအထုပ်ပါပါမှ သေမင်းခေါ်လည်း မကြောက်ရ။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

သဒ္ဓါနဲ့ မစ္ဆရိယ

သဒ္ဓါတရားဆိုတာ အသက်အရွယ်နဲ့ မဆိုင်ပါဘူး။ သဒ္ဓါတရားအားကောင်းတဲ့သူက ငယ်ငယ်ရွယ်ရွယ်နဲ့ လည်း ကောင်းနေကြတာပါပဲ။ မကောင်းတဲ့သူ ကျပြန်တော့လည်း သေခါနီးအချိန်ထိအောင် သဒ္ဓါ တရား ခေါင်းပါးလာတတ်ကြတယ်။

မကြာသေးခင်က ကျောင်းရေစက်ချအလှူ အကြိုမမွှေသဘင်မှာ တရားနာလာတဲ့ ဒကာမလေး တစ်ဦးက ရာသီဥတုကြောင့် တရားဟောရင်း ချွေးပြန် နေတဲ့ ဘုန်းဘုန်းကို ကြည့်ပြီး တရားဟောခန်းမမှာ လိုအပ်နေတဲ့ မတ်ရပ်အဲကွန်း (Air Con) ကို လှူချင်ပါတယ်ဘုရား ဆိုပြီး ချက်ချင်းပဲ နောက် တစ်နေ့ လာတပ်လှူသွားခဲ့ပါတယ်။ ကလေးမလေး မှာ ကိုယ့်ညီမအရွယ်လေး ဖြစ်ပေမယ့် သဒ္ဓါတရား ကတော့ မငယ်လှပါဘူး။ သူ့ကြည့်ရတာ အရမ်းကြီး ရှိလှတာ မဟုတ်ပေမယ့် သဒ္ဓါတရား အသိက သာလို့ သာ လှူဖြစ်တဲ့ သဘောရှိပါတယ်။

နောက်အသိဒကာမကြီး တစ်ယောက်ကျ တော့ အဲလို မဟုတ်ပါဘူး။ ကျောင်းရေစက်ချ အလှူမှာ (၇၁) သိန်း ကျော်လောက် လှူဖြစ်လိုက် တယ်လို့ ဝမ်းသာရအောင် ပြောပြတဲ့အခါ တုန့်ပြန်မှု က "အဲလောက်တောင် လှူဖြစ်လိုက်တာလား၊ နှမြောစရာကြီး" တဲ့လေ။

အဲဒါပါပဲ၊ သဒ္ဓါနဲ့ မစ္ဆရိယ တုန့်ပြန်မှုတွေ ဟာ ဆန့်ကျင်ဘက်ကို ဖြစ်နေတော့တာပါ။ သဒ္ဓါ တရား ရှိရင် လှူချင်တယ်။ ကျွေးချင်တယ်၊ ပေးကမ်း ချင်တယ်၊ မရှိ ရှိတာလေးတွေ ရှာကြံပြီး လုပ်ပေး ချင်တယ်။ မစ္ဆရိယကျတော့ လှူရမှာကြောက်တယ်။ ပေးရမှာ နှမြောတယ်။ စားရမှာတောင် ကုန်မှာ စိုးတယ်၊ ကိုယ့်ကိုကိုယ်လည်း မသဒ္ဓါချင်ဘူး၊ သူများပေးကမ်းတဲ့အပေါ်မှာလည်း ကြားကနေ နှမြောနေတတ်တယ်။ သဒ္ဓါတရားရဲ့ လုပ်ဆောင် ချက်တွေကို မစ္ဆရိယက အမြဲတမ်း တားဆီးလေ့ ရှိတတ်တယ်။

သဒ္ဓါနဲ့ မစ္ဆရိယတရားနှစ်ပါးမှာ သဒ္ဓါ တရားက အကောင်းတရား၊ မစ္ဆရိယက မကောင်း တရားဖြစ်ပြီး သတ္တဝါအတော်များများက မကောင်း တရားမှာပဲ ပိုပျော်လေ့ ရှိပါတယ်။ ကောင်းတဲ့အလုပ်၊ ရတနာသုံးပါး ဆက်စပ်တဲ့ အလုပ်တွေဆိုရင် သဒ္ဓါ တရားက အဖြစ်နေးနေပြီး မစ္ဆရိယက မလုပ်ဖြစ် အောင် တွန်းအားပေးလေ့ရှိပါတယ်။ မစ္ဆရိယက အားကြီးသွားရင် ဘုရားလည်း မရှိခိုးဖြစ်တော့၊ တရားလည်း မနာဖြစ်တော့၊ ကံကံရဲ့ အကျိုးတရား

တွေအပေါ်မှာလည်း လေးလေးနက်နက် မရှိတော့၊ လျှုဖို့တမ်းဖို့ဆိုရင်လည်း တွန့်ဆုတ်တွန့်ဆုတ် လုပ်နေတော့တာ ဖြစ်ပါတယ်။

ဒါကြောင့် သဒ္ဓါစိတ်ကလေး ဖြစ်ပေါ်လာရင် ချက်ချင်းအကောင်အထည် ဖော်နိုင်အောင် ကြိုးစားသင့်ပါတယ်။ လုပ်မယ်လို့ ရည်ရွယ်ထားတဲ့ ကောင်းတဲ့အလုပ်တွေမှာလည်း မစ္ဆရိယက ဘယ်လိုပဲ နှောက်ယှက်နှောက်ယှက် ရှေ့ဆက်နိုင်အောင် အားထုတ်သင့်ပါတယ်။ ဖြစ်ဖို့ခဲယဉ်းတဲ့ ကောင်းတဲ့ ဓာတ်ခံ သဒ္ဓါတရား ကိုယ့်မှာရှိနေတာကိုက ရခဲတဲ့ ဒုလ္လဘတရားတစ်ခုပဲ ဖြစ်တဲ့အတွက် အဲဒီသဒ္ဓါတရားကို မစ္ဆရိယကြောင့် ပျက်သွားတာမျိုး မဖြစ်ရအောင် တရားများများနာ သီလကို လုံအောင် ကြိုးစားပြီး သတိတရားနဲ့ ထိန်းသိမ်းစောင့်ရှောက်ကြရမှာပဲ ဖြစ်ပါတယ်။

Like | Comment | Share

Status | Photo | Check In

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

လက္ခဏာရေး အတွေး

ရုပ်အိုလို့ အလုပ်ပို
ကိုယ့်အလို သူမသွား
သူ့အလိုလို အိုသွားတယ်
အနိစ္စပါတကား။

ခါးကလည်းနာ
အားကလည်း မပါလေတော့
ဇရာအို ဒီရုပ်တရားကိုပ
သယ်မကာ ချီကာချရတယ်
ကြီးတဲ့ဒုက္ခ။

အအိုရတဲ့ဒီခန္ဓာ
အလိုမကျလို့ အဖန်ဖန်နာလည်း
ကိုယ့်အလို သူမတွဲတယ်
အနတ္တပါပဲ။

အတ္တကိုဖယ်
အနတ္တကိုကွယ် ဆင်ခြင်လို့ပွား
ကိုယ့်အလို သူမသွားရင်လည်း

သတိတရားကို ရင်မှာထားပါလို့
ပြင်ဆင်ကာ ရှုမှတ်ပွားရမယ်
သတိပဋ္ဌာန်တရား။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္ထ

ဘာကြောင့် စိတ်ညစ်ရသလဲ

"ဘုန်းဘုန်းဘုရား တပည့်တော် စိတ်အရမ်းညစ်နေလို့ အဲဒါ တရားစကားလေး မိန့်ပေးပါဘုရား" ဆိုပြီး တပည့်မလေးတစ်ယောက်က လျှောက်ပါတယ်။

"ဘာကြောင့် စိတ်ညစ်တာလဲ" ဆိုတော့ "တပည့်တော်အထက် အရာရှိကြောင့်ပါဘုရား" လို့ အဖြေပေးရင်း ဒကာမက သူနဲ့ အဆင်မပြေတဲ့သူ အကြောင်းကို ပြောပါတော့တယ်။

သူပြောတာတွေ နားထောင်ပြီးတော့မှ "သမီးရေ အမှန်တော့ သမီးစိတ်ညစ်တာ အဲဒီသူကြောင့် မဟုတ်ဘူး၊ ကိလေသာတွေကြောင့် ညစ်တာ၊ သမီးကို စိတ်ညစ်အောင် လုပ်တာ သူက လုပ်တာ မဟုတ်ဘူး။ သမီးမှာ ရှိနေတဲ့ လောဘ၊ ဒေါသ၊ မောဟ မာနစတဲ့ ကိလေသာ တရားတွေက လုပ်တာပါ" လို့ ပြန်ပြောရင်း သတ္တဝါတွေ စိတ်ညစ်ရခြင်းရဲ့အကြောင်းကို ပြည့်ပြည့်စုံစုံလေး ရှင်းပြပေးဖြစ်ပါတယ်။

ဟုတ်တယ်။ တကယ်တော့ လူတွေကို

စိတ်ညစ်စေတာ ဘယ်သူကြောင့်၊ ဘာကြောင့်မှ မဟုတ်ဘူး၊ ကိုလေသာတွေကြောင့် ဖြစ်တာ၊ ကိုလေသာ ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကိုက "စိတ်ကို ပူလောင်စေတတ်၊ ညစ်နွမ်းစေတတ်တဲ့ တရား" လို့ အဓိပ္ပာယ်ရတယ်။

စိတ်ကလေးက သူဟာသူ ဖြူစင်နေတာပါ။ အဲဒါကို လောဘတွေက ညစ်အောင်လုပ်တာ၊ ဒေါသက ညစ်အောင် လုပ်တာ၊ မောဟမာန ဒိट्ठိ ဝိစိကိစ္ဆာ၊ ထိန၊ မိဒ္ဓ၊ ဥद्ध စ္စ၊ အရိဟိက အနောတ္တပ္ပ စတဲ့ ကိုလေသာတရားတွေက ညစ်အောင်လုပ်တာပါ။ တပ်မက်မှုများတော့ ပူလောင်ရတယ်၊ ဒေါသ အားယာတတွေကြောင့် ပူလောင်ရတယ်။ ဘာမှ မမြင်နိုင်လောက်အောင် ဖြစ်နေတဲ့ မောဟတွေကြောင့် ပူလောင်ရတယ်၊ မာန်တက်နေလို့ ပူလောင်ရတယ်။ စသဖြင့် ဒီကိုလေသာတရားတွေကပဲ ကိုယ့်စိတ်ကို ညစ်နွမ်းစေတာ ပူလောင်စေတာ၊ လောင်မြိုက်စေတာ ဖြစ်ပါတယ်။

ဒါကြောင့် စိတ်ညစ်တာတွေ လျော့ချချင်ရင် လောဘကို လျော့ရမယ်။ ဒေါသကို လျော့ရမယ်။ မောဟ မာန စတာတွေကို လျော့ရမယ်၊ ပုထုဇဉ်မို့ အကုန်မဖယ်ရှားနိုင်သေးလည်း ကိုလေသာတရားတွေ ကိုယ့်သန္တာန်မှာ အကြာကြီး၊ အကြီးကြီး မဖြစ်အောင်တော့ သတိတရားလေးနဲ့ လျော့ပေးရမှာပေါ့။ သတိ ရှိနေရင် ကိုလေသာမဝင်ဘူး၊ ဝင်လည်း အကြာကြီး မရှိဘူး။ ကိုလေသာရှိနေတာကို သိလိုက်တာနဲ့ သူက မရှိတော့ဘူး၊ ကိုလေသာက ကိုယ်ကို လောင်နေတာကို မသိလို့သာ သူက ဆက်ပြီး

လောင်မြိုက်နေတာ ဖြစ်တယ်။ သတိကပ်ပြီး သိလိုက်တော့ ကိုလေသာက ပျောက်သွားပြီး သိတဲ့စိတ်ကလေးက နေရာယူသွားတော့တာပါပဲ။ ကိုလေသာ မဝင်တော့ ညစ်နေတဲ့ စိတ်အစဉ်လည်း ဖြူစင်သွားတာပေါ့။ ဒါဆိုရင် စိတ်ညစ်တာတွေ မရှိတော့ဘူးပေါ့။

သတိတရား လက်ကိုင်ထား

ချမ်းသာသုခ မျှားပါစေ။

Like | Comment | Share

Status | Photo | Check In

Notes

Comments

မနာပဒါလီ အရှင်ဝိစိတ္တ

ရုပ်လှစေကြောင်း နည်းလမ်းကောင်း

ကိုရီးယား ဒကာမတစ်ယောက်က မေးဖူးပါတယ်။ "အရှင်ဘုရား၊ ရုပ်လှချင်ရင် ဘာလုပ်ရမလဲ ဘုရား"တဲ့။

ဗုဒ္ဓစာပေ အဖွင့်တွေအရ ရုပ်လှချင်တဲ့သူဟာ

၁။ ဆွမ်းအာဟာရ လျှော့ဒါန်းခြင်း၊

၂။ အဝတ်သက်နီး လျှော့ဒါန်းခြင်း၊

၃။ တံမြက်လှည်း သန့်ရှင်းရေး ဝေယျာဝစ္စ လုပ်ခြင်း၊

၄။ အမျက်ဒေါသမထွက်ခြင်းဆိုတဲ့ ဒီအချက်တွေကို လိုက်နာပြုလုပ်နိုင်ကြောင်း အကြံပြုဖြစ်ပါတယ်။

လှချင်သူတွေ လက်တွေ့သာ လုပ်ကြည့်လိုက်ပါ။ သေချာပေါက်လှစေမှာပါ။ အထူးသဖြင့် ဒေါသကို ထိန်းကြည့်ပါ။ ရုပ်ဘယ်လောက်ပဲလှလှ ဒေါသကြီးရင် ရုပ်ဆိုးသွားတာပဲ မဟုတ်လား။

ကျမ်းကိုး-

သတ္တာ ဟိ စတူဟိကာရဏေဟိ ပါသာဒိကာဟောန္တိ အာမိသာဒါနေန ဝါ ဝတ္ထဒါနေန ဝါ သမ္မဒ္ဓနေန ဝါ အကောဓနတာယ ဝါ။ (သုတ်ပါထေယျ အဋ္ဌကထာ၊ ဆဋ္ဌ-၁၁၆)

သတ္တာ-သတ္တဝါတို့သည်၊ **အာမိသဒါနေနဝါ**- ဆွမ်းဘောဇဉ်ကို လျှာ်ဒါန်းခြင်းကြောင့်လည်းကောင်း၊ **ဝတ္ထဒါနေန ဝါ**- အဝတ်သင်္ကန်းကို လျှာ်ဒါန်းခြင်းကြောင့် လည်းကောင်း၊ **သမ္မဒ္ဓနေနဝါ**-တံမြက်လှဲခြင်းကြောင့်လည်းကောင်း၊ **ကောဓနတာယဝါ**- အမျက်ဒေါသ မထွက်ခြင်းကြောင့် လည်းကောင်း၊ **ဟိ**-ဤသို့၊ **စတူဟိ**-လေးပါးကုန်သော၊ **ကာရဏေဟိ**- အကြောင်းတို့ကြောင့်၊ **ပါသာဒိကာ**-မြတ်နိုးဖွယ်ရာ ရှုပ်ဆင်းလက္ခဏာ ရှိကြကုန်သည်။ **ဟောန္တိ**-ဖြစ်ကြကုန်၏။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္ထ

အတ္တာဟိ အတ္တနော နာထော

---

* သူများအရေး သိပ်မတွေးနဲ့
  စိတ်လေးနေမယ်။
  ကိုယ့်အရေးပဲ ကိုယ်တွေး
  အဲဒါ အေးတယ်။

* သူ ရှိ မရှိ
  သိပ်မကြည့်နဲ့။
  ကိုယ့်ရှိဖို့ပဲ ကိုယ်ညှို
  ဒါကွက်တိပဲ။

* သူဟုတ်မဟုတ်
  စိတ်မရှုတ်နဲ့။
  ကိုယ်ဟုတ်ဖို့ပဲ ကိုယ်လုပ်။
  ဒါ အဟုတ်ပဲ။

* သူမှန်မမှန်
  သိပ်မကြံနဲ့။
  ကိုယ်မှန်ဖို့ပဲ ကိုယ်ဖန်
  ဒါအမှန်ပဲ။

သူချစ်မချစ်
စိတ်မညစ်နဲ့။
ကိုယ်မနှစ်ဖို့ပဲ ကိုစစ်
ဒါအနှစ်ပဲ။

* နေရာတကာ ကိုယ်အခရာပဲ။
ကောင်းကောင်းဆိုးဆိုး ကိုယ့်အကျိုးပဲ
သူ့အကြောင်း ကိုယ့်အကြောင်း စိတ်မပြောင်းနဲ့
ကိုယ်ကောင်းဖို့သာ ကြိုးစားရာ၏။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္ထ

အွန်လိုင်းပေါ်မှာ ကျူးလွန်တာလဲ ကံမြောက်တာပါပဲ

"အရှင်ဘုရား အွန်လိုင်းပေါ်ကနေပြီး ဆရာတော် သံဃာတော်များနဲ့ သူတော်ကောင်းတွေကို စော်ကားတာ ကံမြောက်ပါသလားဘုရား" ဆိုပြီး ဒကာလေးတစ်ယောက်က လျှောက်ပါတယ်။

"စေတနာပါရင် ကံမြောက်တယ် ဒကာလေးရေ၊ အွန်လိုင်းပေါ်မှာ ဖြစ်နေပေမယ့် စခရင်တွေပေါ် စာရိုက်နေတဲ့အချိန်မှာ စေတနာရဲ့ တွန်းအားနဲ့ မနောက်က ကြံစည်၊ ဝစီကံနဲ့ အသံသွင်း ကာယကံနဲ့ စာရိုက်၊ အားလုံးစုံတော့ အွန်လိုင်းပေါ်မှာ ဖိုက်နေကြတာဆိုတော့ ကျူးလွန်လိုက်တဲ့ ကံတွေက ကာယကံ၊ ဝစီကံ၊ မနောကံ အကုန်လုံး ပါသွားတာပဲ မဟုတ်လား။ ပိုဆိုးတာက ကိုယ်ကျူးလွန်ပြီး အင်တာနက်ပေါ် တင်လိုက်တဲ့ စာတွေ ဗွီဒီယိုဖိုင်တွေ အသံဖိုင်တွေ ကြည့်ရှုနားထောင်ပြီး ဘာမှမသိဘဲ နောက်က လိုက်ပြီး စော်ကားပြစ်မှားတဲ့သူတွေကိုပါ

အပြစ်တွေ ပေးမိသလိုဖြစ်တော့ ကိုယ့်ကြောင့် တစ်ခြားသူတွေပါ အဆိပ်တွေ ဖြစ်ကုန်တော့တာ ပေါ့။ ဒါဟာ အပြစ်တွေချည်းပဲ မဟုတ်လား''ဆိုပြီး သူ့ကို ပြန်ပြောဖြစ်ပါတယ်။

ဟုတ်ပါတယ်။ တစ်ချို့တွေက ပညာတွေပဲ သိပ်တတ်သွားလို့လား၊ ဒါမှမဟုတ် သဒ္ဓါတရားပဲ ခေါင်းပါးသွားလို့လား မသိ။ အတော်တတ်နေတဲ့ သဘော ရှိပါတယ်။ ဟိုလူလုပ်လည်း မကောင်း၊ ဒီလူလုပ်လည်း မကောင်း၊ ဟိုဘုန်းကြီးဆိုလည်း အပြစ်ပြော၊ ဒီဆရာတော်ဆိုလည်း ပုတ်ခတ်၊ ဟိုအဖွဲ့အစည်းကျတော့လည်း မကျေနပ်၊ ဒီအဖွဲ့အစည်းကျတော့လည်း အကောင်းမမြင် သူကိုယ်တိုင်ကျတော့ ဘာမှမဟုတ်၊ ခေတ်ကာလအခြေအနေနဲ့ ဟုတ်တော့ ဟုတ်နေလေရဲ့၊ အဲဒီလိုသူတွေမှာလည်း သူ့နောက်လိုက်နဲ့သူက ရှိနေပြန်တော့ ကိုယ့်ကိုယ်ကိုယ် မဆင်ခြင်နိုင်ရင် အဆင်းဘီးတပ်ပေးသလိုတော့ ဖြစ်နေကြပြီပေါ့။

တစ်ခါတလေ အတွေးလေးတွေ ဖြစ်မိပါတယ်။ ''မြန်မာပြည်မှာ ဘက်ပေါင်းစုံက ကပ်တွေ ဆိုက်နေတာ ရတနာသုံးပါး၊ မိဘဆရာသမားများနဲ့ သီလသမာဓိပညာ ပြည့်စုံလှတဲ့ သူတော်ကောင်းကြီးတွေကို စော်ကားနေကြလို့ များလား'' လို့ပေါ့။ ဖြစ်နိုင်စရာတွေ ရှိပါတယ်။ ကာယကံမြောက် မစော်ကားပေမယ့် ဝစီကံမြောက်ကျူးလွန်တာတွေ၊ မနောကံနဲ့ ပြစ်မှားတာတွေ ဒါတွေကလည်း ရှိနေကြတာ မဟုတ်လား၊ ခုကာလ အင်တာနက်တွေ တစ်စခန်း ထလာတော့ တစ်ချို့တွေက ကိုယ့်ကို

ဘယ်သူမှ မသိဘူးဆိုပြီး အင်တာနက် စာမျက်နှာတွေမှာ အမနာပ ရေးချင်သလို ရေးနေကြ၊ စော်ကားချင်သလို စော်ကားနေကြတာတွေလည်း အများကြီးပါပဲ။ အင်တာနက်က စော်ကားတာလည်း မနောက်ကို အခြေခံ ကာယက်မြောက် စာတွေရိုက်ပြီး တင်တဲ့အပြင် တစ်ရှိုက အသံဖိုင်တောင်သွင်းပြီး တင်ကြသေးတာဆိုတော့ အပြင်မှာ လက်တွေ့မကျူးလွန်ပေမယ့် အင်တာနက်စာမျက်နှာမှာလည်း ကံသုံးပါးအပြည့် စော်ကားနေတာတွေလည်း ရှိနေကြပြန်တယ်လေ။ ကံကြီးထိုက်တယ်ဆိုတာ အချိန်ကျလာရင်တော့ အမေရိကမှာပဲနေနေ၊ ဥရောပ၊ အာရှမှာပဲနေနေ ဘယ်နေရာမှာမှ ပြေးမလွတ်ဘူး မဟုတ်လား။

အမှန်တော့ နိုင်ငံရေးပဲ ဖြစ်ဖြစ်၊ အမျိုးဘာသာ သာသနာအရေးပဲ ဖြစ်ဖြစ် အလုပ်တိုင်းမှာ မျှတွေး၊ မျှကြည့်တတ်တဲ့ အကြည့်အမြင်မျိုး ဖြစ်အောင် ကြိုးစားသင့်ပါတယ်။ ကိုယ့်အယူအဆနဲ့ မတိုက်ဆိုင်လို့ဆိုပြီး ဘာပဲလုပ်လုပ် အပြစ်ကြီးပဲ မြင်နေလို့လည်း ဘယ်ဖြစ်ပါ့မလဲပေါ့။ အထူးသဖြင့် ကိုယ်မကျွမ်းကျင်တဲ့ ဘာသာသာသနာအရေးတွေမှာ ကိုယ့်အတွေးနဲ့ ဘေးဖြစ်ပြီး ပြောချင်သလို ပြော၊ စော်ကားချင်သလို စော်ကားတာတွေဟာ အစော်ကားခံရတဲ့ ထေရ်ကြီးဝါကြီးများနဲ့ သူတော်ကောင်းကြီးများက ဘာမှမဖြစ်ပေမယ့် ကိုယ့်မှာတော့ တစ်ဘက်က အကျင့်သီလကောင်းလေ ဖိပြီးခံရလေ ဖြစ်တတ်တယ်ဆိုတာ သတိပြုရပါမယ်။ ဆရာဒကာ ရေနှင့်ကြာဆိုသလို ဆရာနဲ့ဒကာ အပြန်အလှန် ထိန်း

ကျောင်းမှူလေးတွေနဲ့ ဖေးဖေးမမ ပြောကြဆိုကြရင် မှားမိတာတောင် အလွန်ကျ၊ မမှားမိတော့ဘူးပေါ့။

အရေးကြီးဆုံးက သတိနဲ့ပညာ မရှိကြလို့ ဒီလို စော်ကား မော်ကား အပြစ်တွေ ပွားနေကြတာ ပါပဲ။ လောကပညာတွေ ဘယ်လောက်ပဲတတ်တတ် သတိပျောက်ရင် လောကပညာတွေဟာ ဉာဏ်နီ ဉာဏ်နက်အမျိုးမျိုးနဲ့ အမှားကို တွန်းအားပေးစေ တတ်ပါတယ်။

ဗုဒ္ဓစာပေတွေမှာတော့ ပညာနဲ့ သဒ္ဓါ တစ်နည်းအားဖြင့် ဆင်ခြင်ဉာဏ်နဲ့ ယုံကြည်မှုကို မလွန်ဖို့ လမ်းညွှန်ပြတော်မူပါတယ်။ ပညာများပြီး သဒ္ဓါနည်းရင် အဲဒီပညာရှိဟာ ကောက်ကျစ်သွား တတ်သလို သဒ္ဓါအားကောင်းပြီး ပညာနည်းရင်လည်း တလွဲတွေလျှောက်လုပ်တတ်၊ တစ်လွဲတွေ လိုက်ပြီး ကိုးကွယ်တတ်တယ်တဲ့ အဲဒီလို တစ်ဘက်စွန်း မရောက် ဖို့အတွက် သတိလေးက ထိန်းပေးရပါတယ်။ ပညာ လွန်ပြီး မကွန့်အောင် သဒ္ဓါလွန်ပြီး မတွန့်အောင် သတိတရားက ထိန်းညှိပေးရတာ ဖြစ်ပါတယ်။ သတိက အခရာပါပဲ။

သာသနာကို စော်ကားတာ၊ ဆရာတော် သံဃာတော်တွေကို ပုတ်ခတ်ပြောဆိုတာ ပုဂ္ဂိုလ်နဲ့ သံဃာ မခွဲနိုင်ဘဲ အားလုံးရောပြီး ပြစ်မှားကြတာ စတာတွေဟာ သဒ္ဓါတရား နည်းပါးပြီး ပညာ တတ်ယောင်ယောင်ဖြစ်သွားလို့ပါပဲ။ အဓိကအချက် ကတော့ သတိပျောက်သွားလို့ ဖြစ်ပါတယ်။ သတိ ပျောက်တော့ အသိပျောက်၊ အသိမပါတော့ မဆင်ခြင်

နိုင်၊ မဆင်ခြင်နိုင်တော့ စော်ကား၊ စော်ကားတာ များးတော့ အပြစ်မကြောက်၊ နောက်ဆုံးတော့ ဘဝပါမောက်သွားတော့တာပါပဲ။

ဒါကြောင့် ဘဝမှာ ဘယ်သူမှ မသိပါဘူး ဆိုပြီး လုပ်ချင်တာလုပ်၊ ပြောချင်တာပြော၊ ကြံစည်ချင်သလို ကြံစည်ပြီး သူတော်ကောင်းများနဲ့ သာသနာတော်မြတ်ကြီးအပေါ် ပြစ်မှားကျူးလွန်မိတဲ့သူတွေ အနေနဲ့ သတိပြုရမှာက ကိုယ်လုပ်တဲ့ အလုပ်တစ်ခု ဟာ သူများ မသိပေမယ့် ကိုယ်အသိဆုံး ဖြစ်ပြီး လုပ်သမျှ အလုပ်မှာ စေတနာပါသွားတယ်ဆိုရင် အင်တာနက် စာမျက်နှာတွေက စော်ကားတာလည်း ကံမြောက်ပြီး၊ ကံမြောက်ရင် အကျိုးသက်ရောက်မှု လည်း ရှိတဲ့အတွက် ပညာမောက်ပြီး သဒ္ဓါမပျောက် စေဖို့၊ သဒ္ဓါလွန်ပြီး အသိမှောက်မှား အမှားမများ စေဖို့ အဓိက အခရာကျတဲ့ သတိမပျောက်အောင် သာ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင် နေထိုင်ကြပါလို့ အလေးအနက်တိုက်တွန်းရင်း အသိတစ်ခု အမျှပြု အပ်ပါတယ်။

Like | Comment | Share

Status | Photo | Check In

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

အပုတ်ကိုလည်း မဆွန့်
မဟုတ်ကိုလည်း မဖွန့်

အပုတ်ကိုလည်း မဆွန့်။
မဟုတ်ကိုလည်း မဖွန့်။
အပုတ်ကို ဆွရင် နံတတ်တယ်။
မဟုတ်ကို ဖွရင် ကြွတတ်တယ်။

မစင်ဆိုတာ ဆွလေ နံလေ ဖြစ်တတ်တဲ့ အတွက် မဆွရဘူး။

အနံ့မထွက်အောင် မြန်မြန်ဖုံး၊ မြန်မြန် ရှင်းပစ်ရတယ်။

ဒီလိုပဲ မမှန်တဲ့အရာဆိုတာ ဖွလေကြွလေ ဖြစ်တတ်တဲ့အတွက် မဟုတ်တာကို အဟုတ်လုပ်ပြီး မဖွရဘူး။

အမှန်တရားနဲ့ ဖုံးလွှမ်းပစ်ရတယ်။

အသိဉာဏ်အားနည်းရင် အပုတ်ကို အထုပ်ထင်တတ်သလို မဟုတ်ကိုလည်း အဟုတ်ထင်တတ်တယ်။ နံမှန်းသိသိနဲ့ ဆွနေတာ၊ မမှန်မှန်းသိရက်နဲ့ ဖွနေတာဟာ ကိုယ်အသိဉာဏ်မရှိတာကို ဖော်ပြနေ

တာနဲ့ အတူတူပဲ။ အဲဒါကြီးကိုပဲ ဆက်ဆက်ပြီး ခံစားနေရင် ဆက်စပ်နေသူများတွေလည်း အပြစ်များပြီး အသိရှားရာကျတယ်။

ဒါကြောင့် မဟုတ်တာကို မဖွဲ့နဲ့၊ နံနေတာကို မဆွဲနဲ့။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

အတ္တလွန်အတွေး

အနတ္တလက္ခဏာသုတ်ကို ရွတ်ဖတ်ပူဇော်ရင်း ကိုယ့်အတ္တကိုယ် ပြန်သုံးသပ်နေမိတယ်။ ကိုယ်လိုချင်တဲ့အတိုင်း ကိုယ်ဖြစ်စေချင်တဲ့အတိုင်း၊ ကိုယ်ချမှတ်တဲ့အတိုင်း လုပ်စေချင်၊ သွားစေချင်၊ လိုက်နာစေချင်တာတွေဟာ သိပ်ပြီးများ အတ္တလွန်နေသလားလို့။ ကိုယ်က ဖြစ်စေချင်တာတွေမှာ သူတို့က မလိုက်နာနိုင်ကြတော့ ကိုယ်လည်း ပင်ပန်း၊ သူတို့လည်း ပင်ပန်းနေကြကုန်ပြန်ရော။ အကျိုးသက်ရောက်မှု မကောင်းတဲ့ ကိုယ့်အတ္တဟာ လွဲမှားနေလို့လား၊ ကိုယ့်အတ္တဟာ ကိုယ့်အကျိုးအတွက်ထက် သူတို့အကျိုးကို ဖြစ်စေချင်တဲ့ ဘက်က ပိုများနေပေမယ့် ကာယကံရှင် ကိုယ်တိုင်က မလိုလား၊ မလိုက်နာနိုင် ဖြစ် နေပြန်တော့ ကိုယ့်အတ္တကိုယ်ပဲ တထစ်လျှော့ချ ရမလားပေါ့။

ကိုယ့်အတ္တကို လျှော့ပြီး သူတို့ဆန္ဒကို ငဲ့ကြည့်နိုင်ရင်တော့ အတ္တလွန်ဆွဲမှုတွေ နည်းသွားနိုင်မလား

ပဲ။ ကိုယ်ဖြစ်စေချင်တာက သူ့တို့အကျိုးအတွက်လို့ ကိုယ်က ထင်ပေမယ့် သူတို့ဘက်က ကြည့်တော့ အတ္တဆန်တယ်၊ အတ္တကြီးတယ်လို့ ထင်ကောင်း ထင်နိုင်တာပဲလေ။ ထင်လည်း ထင်ကြမှာပါပဲ။ တစ်ခါတလေ မိတာတွေ ဆရာသမားတွေရဲ့ သားသမီး၊ တပည့်တွေအပေါ် ဖြစ်စေချင်တာတွေက ကလေးဆန္ဒထက် သူတို့ဖြစ်စေချင်တဲ့အတိုင်း ပုံဖော်သလို ဖြစ်နေတာလည်း ရှိနေပြန်တယ် မဟုတ်လား။ ဒီနေရာမှာ ကိုယ့်ရဲ့အတ္တကို အတင်းပုံဖော်တာမျိုး မဟုတ်ဘဲ ကလေးရဲ့ ဆန္ဒ၊ အခြေအနေ၊ ဉာဏ်ရည်ဉာဏ်သွေး၊ လုပ်နိုင်မှု စွမ်းအားတွေကို ညှိပြီး သွားနိုင်ရင်တော့ အကျိုးသက်ရောက်မှု မဆိုးလှပေဘူးပေါ့။

အဲလိုမဟုတ်ဘဲ ကိုယ်ဖြစ်စေချင်တာကြီးကိုပဲ အတင်းဆုတ်ကိုင် ပုံစံသွင်းရင်တော့ သူတို့ဘက်က ခံစားမှုထက် ကိုယ့်ခံစားမှုက ပိုပြင်းမယ်လို့ ထင်တယ်။ ကိုယ်ဖြစ်စေချင်သလို မဖြစ်လို့ စိတ်တိုင်းမကျ ခံစားရတဲ့ ကိုယ့်ခံစားချက်ဟာ ဘာမှ အလေးမထားတဲ့ ကလေးတွေကြားမှာ ကိုယ်ပဲ စိတ်ပန်းလူပန်း ဖြစ်စေတာလည်း အမှန်ပဲ။ တစ်ချို့ကလေးတွေကျတော့ အကြောက်တရားနဲ့ ပုံစံသွင်းမှ ပုံစံကျတာတွေလည်း ရှိတတ်တော့ စည်းကမ်းစနစ်သတ်မှတ်ချက်ဆိုတာတော့ ထားရမှာပေါ့။

အရေးကြီးဆုံးကတော့ အများအကျိုးအတွက် ကိုယ့်ဘက်က ပေးဆပ်နေတယ်ဆိုပေမယ့် ကိုယ် ကိုယ်တိုင် ခံစားချက်တွေနဲ့ မပင်ပန်းရအောင် ကိုယ့်အတ္တနဲ့ကိုယ် ညှိနိုင်ဖို့လည်း ကြိုးစားရမှာပါပဲ။ မဟုတ်ရင် ကိုယ်လည်း ကုန်သေး အချိန်တွေလည်း

ပေးရသေးဖြစ်ပြီး အကျိုးသက်ရောက်မှုက အဆိုးနဲ့ ခံစားမှုပဲ တိုးနေသလို ဖြစ်စေတယ်။ သိပ်ပြီး အဆိုး မဖြစ်နိုင်ဘူးဆိုရင် ကိုယ့်အတွက်ကိုလည်း လျှော့ချနိုင် သလောက် လျှော့ချကြည့်ရမှာမဟုတ်လား။ အဲဒီလို လျှော့နိုင်ရင်ကို ကိုယ်ကိုယ်တိုင် အရင်ဆုံးပေါ့သွားမှာ ပဲလေ။

ဘာပဲဖြစ်ဖြစ် အနတ္တသုတ်လာ တရားသဘော အရတော့ "အားလုံးဟာ အတ္တမဟုတ်၊ အနတ္တချည်း ပဲ" မဟုတ်လား။

Like | Comment | Share

Status | Photo | Check In

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

အချိန်တိုင်း အနှတ်ခံနေရတဲ့ ဘဝ

ဘဝမှာ အသက်ရှင်နေတယ်ဆိုတာ
သေဖို့ သွားနေတာပါပဲ။
အချိန်တိုင်းမှာ သေဖို့ နီးနေတာဖြစ်ပြီး
နေဖို့ အနှတ်ခံနေရတာပါ။
အသက်တစ်နှစ် ကြီးတာနဲ့
သေဖို့ တစ်နှစ် နီးသွားတယ်။
နေဖို့ တစ်နှစ် နည်းသွားတယ်။
ရှင်နေတဲ့ ဘဝဆိုတာ မမြဲခြင်း၊ ဆင်းရဲခြင်း၊
အစိုးမရခြင်းဆိုတဲ့ ဒီတရားသုံးပါးနဲ့
အမြဲဆက်စပ်နေတာဖြစ်လို့ အသက်ရှည်ခြင်း၊
မရှည်ခြင်းထက် အနှစ်သာရရှိရှိ၊
ဘဝတန်ဖိုး ရှိရှိ နေထိုင်ခြင်းကသာ
ပိုပြီး အရေးကြီးတယ်။
ဘဝတန်ဖိုးဆိုတာ စည်းစိမ်ဥစ္စာ၊
ရာထူးဌာနန္တရ၊ ဂုဏ်ပါဝါတွေ မဟုတ်ဘူး၊

မဟုတ်တာကို ရှောင် ဟုတ်တာကို ဆောင်ပြီး
စိတ်ကလေးကို စင်ကြယ်အောင် ထားဖို့ပဲ။
ကုသိုလ်မပါတဲ့ ဘဝဆိုတာ
အနှစ်မရှိတဲ့ ဘဝပဲ။
သေချာတာကတော့
အချိန်တိုင်းမှာ အနှတ်ခံနေရတယ် ဆိုတာ
အသေအချာပဲ၊
ကုန်သွားတဲ့ အချိန်တိုင်းဟာ
အနှတ်ခံရတဲ့ အချိန်၊ နေဖို့
သိပ်မကျန်တော့ဘူးဆိုတာ မမေ့ပါနဲ့။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

ဆောရီးပါ (Sorry) ကိုရင်

တစ်လောက အခမ်းအနားတစ်ခုအတွက် တပည့် ကိုရင်တွေကို လိုအပ်တာ ပြင်ဆင်ခိုင်း ဖြစ်ပါတယ်။ ပြင်ဆင်ပုံပြင်ဆင်နည်းကိုလည်း ပြောပြခဲ့ပါတယ်။ အဲဒီမှာ ကိုရင်ကြီးတစ်ပါးက "ဘုန်းကြီး ဘုရား အဲလိုလုပ်တာထက်စာရင် ဒီလိုလုပ်တာက ပိုမကောင်းဘူးလားဘုရား"လို့ ပြန်လျှောက်ပါတယ်။ ကိုယ်ကလည်း ကိုယ်ခိုင်းတဲ့အတိုင်း မလုပ်ရင် စိတ်က သိပ်မြန်တာဆိုတော့ ချက်ချင်းပဲ "မင်းက ဘာသိလို့လဲ၊ ငါခိုင်းတဲ့အတိုင်း လုပ်စမ်းပါ၊ မင်းက ဆရာလား ငါက ဆရာလား"ဆိုပြီး ခပ်ဆတ်ဆတ် ပြောကာ အခန်းထဲဝင် သွားဖြစ်ပါတယ်။ အခန်းထဲရောက်ပြီး ခဏနေစဉ်းစားကြည့်တော့ ခုနက ကိုရင်ကြီး ပြောတဲ့ အကြံက ပိုကောင်းပြီး၊ ပိုအဆင်ပြေတာကို သိလိုက်ရတယ်။ ဒါနဲ့ချက်ချင်း အခန်းအပြင် ပြန်ထွက်ပြီး အခမ်းအနား ပြင်နေတဲ့ ကိုရင်ကြီးနား သွားကာ "ကိုရင်ရေ ခုနဆူလိုက်တာ ဆောရီးပဲနော်၊ ကိုရင်ပြောတာ မှန်တယ်၊ ငါခုနက စိတ်လောသွားတယ်။ မင်းတို့ နှစ်ခါ ပင်ပန်းသွားတယ်။ ခုနကိုရင်ပြောသလိုပဲ ပြန်ပြင်လိုက်ပါကွာ၊ ကိုရင်

ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ တောင်းလည်း တောင်းပန်ပါတယ်'' ဆိုပြီး သူတို့ကို ပြန်ချော့ဖြစ်ပါတယ်။ ကိုရင့်မျက်နှာ ကျေနပ်စွာနဲ့ အလုပ်တွေ ဆက်လုပ်နေပါတော့တယ်။

ကိုယ့်အတွက်တော့ သင်ယူစရာ ဖြစ်ခဲ့တာပေါ့။ နေရာတကာ ငါမှန်တယ်ဆိုတဲ့ အချက်၊ ငါခိုင်းတဲ့အတိုင်း လုပ်ရမယ်ဆိုတဲ့ အချက်၊ ဆရာဆိုပြီး တပည့်အပေါ် အမှားကို ဝန်ခံရမှာ ဝန်လေးနေတဲ့ အချက်တွေကို ပယ်ဖျက်နိုင်ခဲ့ပြီး တပည့်ပြောတာကိုလည်း လက်ခံ၊ မှားတာကိုလည်း ဝန်ခံနိုင်ဖြစ်တဲ့ ကိုယ့်အလုပ်ပေါ် ကျေနပ်နိုင်ခဲ့ပါတယ်။ ပုထုဇဉ်တွေအတွက် နေရာတိုင်းမှာ သင်ယူစရာချည်းပဲ မဟုတ်လား။

တကယ်တော့ အတော်များများ မိဘနဲ့ သားသမီး၊ ဆရာနဲ့ တပည့်ကြား၊ အထက်လူနဲ့ အောက်လူကြား၊ လူကြီးနဲ့ လူငယ်အကြား၊ အဆင်မပြေမှုတွေများနေတာ ငါတွေ ခြားနေကြလို့ပါပဲ။ လူကြီးတွေရဲ့ ဖြစ်စေချင်မှုကို လူငယ်တွေက လိုက်မလုပ်နိုင်တာကြောင့်လည်း ဖြစ်တတ်သလို လူကြီးတွေရဲ့ ''ငါက လူကြီး၊ ငါခိုင်းတဲ့အတိုင်းလုပ်ရမယ် ဆိုတဲ့ 'ငါမာန်တွေကလည်း ''မာထန်'' နေတာကြောင့် အဆင်မပြေတာလည်း ရှိတတ်ကြပါတယ်။

ဒါကြောင့် ဘဝမှာ အဆင်ပြေချင်ရင် လက်ခံနိုင်စွမ်း၊ ဝန်ခံနိုင်စွမ်း၊ ပြုပြင်နိုင်စွမ်းရှိအောင် ကြိုးစားကြည့်လိုက်ပါ။ အားလုံးဟာ Peace ပါပဲ။

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

ပုထုဇဉ်တွေကိုး

ပုထုဇဉ်ရဟန်းနှင့် ပုထုဇဉ်ဒကာ
ကိုးကွယ်ခံပုဂ္ဂိုလ်နှင့် ကိုးကွယ်သူပုဂ္ဂိုလ်
အကုသိုလ်ငတ်တို့ ရှိနေတတ်တော့
ဆတ်ဆတ်ထိမခံ
သဒ္ဓါစိတ်မခိုင်သေးတော့
ခဏ ခဏ ယိုင်နေသေးသပေါ့။
ပုထုဇဉ် ရဟန်း ဗရမ်းဗတာ အမှားပါ၏။
အပြောလည်း မှား အဟောလည်း မှား၊
အပြုလည်း မှား၊ မပြုလည်း မှား
မလုပ်လည်း မှား၊ လုပ်လည်း မှား၏။
ပုထုဇဉ်ဒကာ၊ မကြာ မကြာ သဒ္ဓါကွာ၏။
တစ်ချက် တစ်ချက် သဒ္ဓါပျက်၏။
အပြောမှားလည်း သဒ္ဓါပျက်၊
အဟောမှားလည်း သဒ္ဓါပျက်၊
အပြုမှားလည်း သဒ္ဓါပျက်၊
မပြုးနှားလည်း သဒ္ဓါပျက်၊
မဟုတ်ရင်လည်း သဒ္ဓါပျက်၊

အရှုတ်မြင်လည်း သဒ္ဓါဗျက်၏။
အသေအချာ တွေးသော်
စေတနာဘေးချော်တတ်တဲ့
ပြုပြင်ပေးနေရ ပုထုဇဉ်လေးတွေရဲ့ ဘဝကိုး။
သဒ္ဓါမတိုးလျှင်သော်မှ
ဘဝမဆိုးရင်တော်လှပေါ့
သဒ္ဓါမဆက်လျှင်သော်မှ
ဒကာမဗျက်ရင် တော်လှပေါ့။
သဒ္ဓါမခိုင်လျှင်သော်မှ
ဆရာ ဒကာဆိုင်နေသေးရင် တော်လှပေါ့။
ပုပုမဝင်ဖို့ ထုထုပြင်နေရတဲ့
ပုထုဇဉ်ဘဝ သြော် ပြုပြင်ရင်းနဲ့
ဟ ဟ နေပါပေါ့လား။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

ဘက်မလိုက် မင်း

လောကဓာတ်တစ်ခုလုံးမှာ အဂတိ အဂင်း ဆုံး မင်းဟာ "သေမင်း" ပါပဲ။

သူခေါ်ရမယ့်အချိန်ကျပြီဆိုရင် ဘယ်သူ့ မျက်နှာမှ မကြည့်ဘူး။ ချစ်လို့ ဘက်လိုက်တာ၊ မုန်းလို့ ဘက်လိုက်တာ၊ ကြောက်လို့ ဘက်လိုက်တာ။

မသိလို့ ဘက်လိုက်တာမျိုး သူ့မှာ မရှိဘူး။ သူ့ အလုပ် သူလုပ်တယ်။ သူ့အလုပ်အပေါ် လာဘ် ထိုးတာတို့ အာဏာနဲ့ ခြိမ်းခြောက်တာတို့၊ ဂုဏ်နဲ့ ဖိအားပေးတာတို့ လုံးဝလုပ်လို့ မရဘူး။ ဘာကြီးပဲ ဖြစ်ဖြစ် သူကဂရုမစိုက်ဘူး၊ သူခေါ်ရမယ့် အချိန် ဆိုရင် ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်အချိန်ပဲ ဖြစ်ဖြစ် ဘယ်သူကိုပဲဖြစ်ဖြစ် ခေါ်သွားမှာပဲ၊ အသက်ကယ် ဆေး ဘယ်လောက်ပဲ ထိုးထိုး ဖြုတ်လိုက်တာနဲ့ နှုတ်သွားမှာပဲ။

ပြောမယ့်သာ ပြောတာ သူက ကိုယ်ကို လည်း မထားဘူး။ ကိုယ့်ထမင်းကိုယ်စားပြီး သူလာ

ခေါ်မယ့်အချိန်ကို စောင့်နေရတာ ဘယ်ချိန် လာခေါ်မလဲ မသိ။ သူလာခေါ်ရင် အဆင်သင့်ပြင်ဖို့ အခုကတည်းက အထုတ်ပြင်ထားမှ၊ ကုသိုလ်အထုတ်ကတော့ လိုရာသုံး အထုပ်ပဲလေ။

သင်ကော အထုပ်ထုတ်ပြီးပြီလား။

အချိန်မရှိဘူး မြန်မြန် ထုပ်ပါ အိမ်ထောင်ရှေ့။

ဩော် အထုပ်ဆိုလို့ တခြားအထုပ်တွေ ပါသွားအုံးမယ်၊ ကုသိုလ်အထုပ်မှ လိုရာသုံးလို့ ရမှာနော်....။

သေမင်းခေါ်ချိန်ကို ပြင်ဆင်ရင်း....

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

သာသနာမှာ ဝါက အခရာ

မကြာသေးခင်က မနက်စောစော နယ်ဘက်က ဆရာတော်တစ်ပါး ကြွလာတယ်။ တွေ့တွေ့ချင်း ဆရာတော်က ဦးချမယ်လုပ်နေတုန်း "အရှင်ဘုရား ဘယ်နှဝါလည်း ဘုရား" ဆိုတော့ ၂၄ ဝါတဲ့။ ဟာ ဒါဆိုရင် တပည့်တော်ထက် ဝါကြီးတယ် ဘုရား၊ တပည့်တော်က ခုမှ (၂၂)ဝါပါ ဘုရား"လို့ လျှောက်ရင်း ထိုင်ခုံပေး သီတင်းသုံးဖို့ ပင့်ရတယ်။

အာဂန္တုကဝတ်ပြုပြီး "ဆရာတော် ကြွလာတာ ဘာကိစ္စပါလဲဘုရားလို့"မေးလျှောက်တော့ "တရားပွဲ လာပင့်တာပါဘုရား၊ ဘယ်မြို့နယ်၊ ဘယ်ကပါ၊ အဲဒါ ဒီလ ဒီရက်လေး အားပါသလား"လို့ ဆရာတော်က မိန့်ပါတယ်။ သူပင့်တဲ့ရက်က ပေးပြီးသားဖြစ်နေ တဲ့အပြင် ကျွန်းမာရေးအရ နယ်ဘက်တွေ ကြွဖို့ လမ်းပန်းဆက်သွယ်ရေး အခြေအနေအရပဲ လက်ခံ၊ မလက်ခံ စဉ်းစားထားတာပါ။ ဒါပေမယ့် အာဂန္တု ဆရာတော်က အရှင်ဘုရား ဘယ်ရက်အားလဲ ကြည့် ပေးပါ၊ အားတဲ့ရက်ကို လုပ်ပါ့မယ်ဆိုတော့ ပြီးခဲ့တဲ့

ရက်ပိုင်းကမှ canceled ဖြစ်သွားတဲ့ တခြားရက်တစ်ရက်တော့ လွတ်တယ်ဘုရားလို့ ပြန်လျှောက်တဲ့ အခါ အဲဒီရက်ပဲ ပေးပါဘုရားတဲ့။

ပုံမှန်ဆိုရင် ကျွန်းမာရေးအရ နယ်တွေဘက် ပင့်ရင် အားနာနာနဲ့ နောက်နှစ်ကို ပြန်ချိန်ဖြစ်ပါတယ်။ ခုဟာက ဆရာတော်ကိုယ်တိုင် ကြွပြီး လာပင့်တာ ဆိုတော့ အတော် အကြေပ်ရိုက်ရပါတယ်။ နောက်ဆုံးတော့လည်း သာသနာ့ ညီအစ်ကိုတွေ ဖြစ်တာက တစ်ကြောင်း၊ သံဃာ့အားကို မလွန်ဆန်နိုင်တာက တစ်ကြောင်းစတဲ့အကြောင်း အကြောင်းတွေကြောင့် နယ်တရားပွဲတစ်ပွဲ လက်ခံဖြစ်ခဲ့ရပါတယ်။

အာဂန္တုဆရာတော်လည်း လိုချင်တာ ရသွားလို့လားမသိ ဝမ်းသာအားရနှုတ်ဆက်ပြီး ပြန်ကြွဖို့ ဘုရားဦးချပါတယ်။ စာရေးသူလည်း အာဂန္တုဆရာတော်ကို တရိတသေ ဦးချတော့ ဆရာတော်က "ရပါတယ်ဘုရား၊ အရှင်ဘုရားက တပည့်တော် ထက် ဂုဏ်တွေ အများကြီး ကြီးကျယ်ပါတယ်ဘုရား" လို့ မိန့်ပါတယ်။ စာရေးသူက "မဟုတ်တာ ဘုရား၊ သာသနာမှာ ဝါက အခရာပါပဲ၊ တပည့်တော်ရဲ့ ဂုဏ် ဆိုတာ လောကသတ်မှတ်ချက်ပါ ဘုရား၊ မေတ္တာ ခံယူရင်း ရှိသေစွာ ဦးတင်ပါတယ်ဘုရား" ဆိုပြီး ပြန်လျှောက် ဖြစ်ပါတယ်။ အာဂန္တုဆရာတော်ရဲ့ မျက်နှာမှာ ဝိတိအပြုံးတွေဖုံးနေတာကို စာရေးသူ ခံစားမိလိုက်ပါတယ်။

ဟုတ်တယ်၊ စာရေးသူတို့ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ဝါက အခရာပါပဲ။ စိန်ယာဂျုနီယာဆိုတဲ့ ဘက်မလိုက်တဲ့ ဒီမိုကရေစီကျင့်သုံးမှုဟာ ဗုဒ္ဓ

ဘုရားရှင်ရဲ့ သာသနာဟာ စံပြုစရာပါပဲ။ ဘယ်အမျိုး၊ ဘယ်ဂုဏ်၊ ဘယ်ရာထူးနဲ့ သာသနာ့ဘောင်ကို ဝင်လာသူဖြစ်ပါစေ၊ အရင် ဝင်လာသူကို နောက်လူက ဂါရဝပြုရမှာပဲ ဖြစ်ပါတယ်။ ဒါဟာ ဘုရားရှင်တို့ရဲ့ အမျိုးဂုဏ်ဟောတ် မခွဲခြားတဲ့ သတ်မှတ်ချက်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ''ဝါ''နဲ့ ''နေရာ''ကိုတော့ ဘက်မလိုက်ဘဲ ချီးမြှောက်တော်မူပါတယ်။ စီနီယာ၊ ဂျူနီယာ၊ ဝါသတ်မှတ်မှုအပိုင်းမှာ ခွဲခြားမှု မရှိခဲ့ပေမယ့် နေရာသတ်မှတ်မှုအပိုင်းမှာတော့ ပါရမီဂုဏ်ဒြဗ်ကို လိုက်ပြီး နေရာပေး ချီးမြှောက်တော်မူခဲ့ပါတယ်။

ဂေါတမမြတ်စွာဘုရားရဲ့ သာသနာတော်မှာ ဝါစဉ်အရ ဘုရားမြတ်စွာပြီးရင် ပထမဆုံး ရဟန်းဖြစ်တော်မူတဲ့ အရှင်ကောဏ္ဍည မထေရ်ကြီးက စီနီယာအကျဆုံးပဲဖြစ် ပါတယ်။ ဒါပေမယ့် ရာထူးနေရာတွေ ချီးမြှင့်တော်မူတဲ့အခါကျတော့ ဂျူနီယာတွေဖြစ်တဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ကို လက်ျာတော်ရံ၊ လက်ဝဲတော်ရံ ရာထူးတွေနဲ့ ချီးမြှောက်တော်မူခဲ့တာဖြစ်ပါတယ်။ ဒါကို အရှင်ကောဏ္ဍည မထေရ်ကြီးကလည်း မကျေမနပ်မဖြစ်သလို အဂ္ဂသာဝက မထေရ်ကြီးများကလည်း ရာထူးကြီးတယ်ဆိုပြီး အရှင်ကောဏ္ဍညမထေရ်ကြီး အပေါ် မထီမဲ့မြင် ပြုတော်မမူခဲ့ပါဘူး။ သူ့နေရာနဲ့ သူ ရိုသေလေးစား ဂါရဝတရား ထားတော်မူကြတာပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ အရှင်ကောဏ္ဍည မထေရ်မြတ်ကြီးရဲ့ ခံယူချက်စိတ်ထားလေးက ကြည်ညိုလေးစားဖွယ်

ကောင်းလုပါတယ်။ ဝါအားဖြင့် ကြီးတော်မူတဲ့ မထေရ်ကြီးဟာ ဝါငယ်ပေမယ့် ရာထူးနေရာကြီးတော်မူတဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် စတဲ့ ဣဒ္ဓိနီယာ အရှင်မြတ်များ အလုပ်လုပ်တဲ့အခါ သူ့ကိုင့်နေရမှာစိုးလို့ သံဃာ့အဖွဲ့အစည်းနဲ့ ဝေးရာကို ကြွပြီး တစ်ပါးတည်း သီတင်းသုံးတော်မူတယ်တဲ့လေ။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခါနီးမှ ပြန်ရောက်လာပြီး "ဘုရားတပည့်တော် အညာသိကောဏ္ဍည ပါဘုရား"လို့ ဘွဲ့အမည်တပ် လျှောက်ထားတော့မှ သံဃာ့ပရိသတ်က သာသနာမှာ အဦးဆုံး ရဟန်းတော် မထေရ်မြတ်ကြီးမှန်း သိတော်မူကြတာပါ။ သာသနာမှာ ဝါက အခရာဖြစ်ပေမယ့် ဝါနဲ့အလုပ်သူ့နေရာနဲ့သူ အကျိုးရှိစေဖို့ မထေရ်မြတ်ကြီးက နေရာဖယ်ပေးတော်မူပြတာ စံပြုရမှာပဲ ဖြစ်ပါတယ်။

သာသနာတော်မှာ ရိုသေလေးစား ဂါရဝထားရမှာက ဝါသာပဓနဖြစ်သလို အလုပ်လုပ်တဲ့အခါမှာတော့ စွမ်းနိုင်သူကို နေရာပေးတာဟာ ဗုဒ္ဓဘုရားများရဲ့ ဘက်မလိုက်တဲ့ နှန်းစံပဲ ဖြစ်ပါတယ်။ ရိုသေလေးစားမှုနဲ့ အလုပ်၊ သူ့နေရာနဲ့ သူ မရှုတ်အောင် သာသနာမှာ အစဉ်အလာ ရှိပြီးသားပဲ ဖြစ်ပါတယ်။ ဒါကို ဘုရားရှင်တပည့်များကလည်း လက်တွေ့လိုက်နာကျင့်သုံးနေကြတာဖြစ်ပါတယ်။ ဝါက အခရာဖြစ်ပေမယ့် ဝါကြောင့် အထာတွေ မရောက်သလို နေရာကြောင့်လည်း ငါတွေ မမောက်ကြပါဘူး။ ရိုသေမှုက တစ်ပိုင်း လုပ်ငန်းပိုင်းက တစ်ပိုင်းပဲ ဖြစ်ပါတယ်။

ဒီနေ့ခေတ်လူတွေမှာ အဲဒါတွေ အားနည်းကုန်ပါတယ်။ ဝါတွေကို "ငါတွေ ရှုတ်ပြီး အလုပ်ကျတော့ မဟုတ်ကြတော့ပါဘူး။ ငါက အကြီးဆိုတဲ့ အရွယ်ကြီးတဲ့ ကြီးမာန်၊ ငါက နာမည်ကြီးတယ်ဆိုတဲ့ ဂုဏ်မာန်တွေ နောက်ကိုလိုက်ရင်း ကြီးမာန်ကြောင့် ငယ်သူကို ဟောက်နေကြသလို ဂုဏ်မာန်ကြောင့် ကြီးသူအပေါ် မောက်နေကြတာတွေလည်း ရှိနေကြပါတယ်။ ဝါနဲ့ နေရာဟာ ငါ့အတွက် မဟုတ်ဘူး၊ ဝါက ရိုသေလေးစားမှု ဖြစ်ပြီး နေရာက အလုပ်လုပ်ဖို့အတွက်ဖြစ်ပါတယ်။ စီနီယာကျရင် ဂါရဝတရားထားရမှာက ဂျူနီယာတွေရဲ့အပိုင်းဖြစ်ပြီး စွမ်းနိုင်သူကို နေရာပေးရမှာက စီနီယာတွေရဲ့ အပိုင်းပဲဖြစ်ပါတယ်။ သူ့အပိုင်းနဲ့သူ မရိုင်းကြမှ သမိုင်းလှမှာ မဟုတ်လား။

ဆိုလိုတာက စာရေးသူတို့ သာသနာမှာ ဝါက အခရာပဲ ဖြစ်တဲ့အတွက် "ငါတွေ မပါကြဖို့ သတိပြုရမှာပါ၊ ဝါနဲ့ သွားရမယ့်ကိစ္စတွေမှာ ဝါကို ဦးစားပေးရမှာဖြစ်သလို လုပ်ဆောင်ချက်နဲ့ သွားရမယ့်ကိစ္စတွေမှာ နေရာကို ဦးစားပေးရမှာ ဖြစ်ပါတယ်။ လုပ်ဆောင်ချက်တွေ ကောင်းနေလို့လည်း ဂါရဝတရားတွေ မစောင်းဖို့လို့သလို ဝါတွေရနေလို့လည်း ငါနေရာရရမယ်ဆိုတာမျိုးလည်း မဖြစ်ဖို့လိုပါတယ်။ ဝါနဲ့နေရာမှာ ငါတွေ မလာစေဖို့ပဲ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အကြာကြီး မဟုတ်တဲ့ဘဝမှာ အထာကြီးတွေနဲ့ မာနကြီးနေဖို့ မလိုပါဘူး။ လောက

သတ်မှတ်ချက် ဂုဏ်ဆိုတာ ဂါရဝ၊ နိဝါတမဂ်လာ ဂုဏ်တွေလောက် မမြတ်ဘူးဆိုတာ အသေအချာ ပါပဲ။

ဝါတွေမှာ ငါတွေ မပါပါစေနဲ့။
အလုပ်တွေမှာ ငါတွေ မရှုတ်ပါစေနဲ့။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

ချစ်တာနဲ့ မေတ္တာ

ငယ်တုန်းကတော့ အချစ်နဲ့ သွားကြတာပေါ့။ Love is power အချစ်က စွမ်းအားပဲ မဟုတ်လား။ ဒါပေမယ့် စွမ်းအားတွေ လွန်သွားရင် "အချစ်က သောကကို ဖြစ်စေတတ်တယ်"တဲ့လေ။

ဘဝတစ်လျှောက်လုံး လက်တွဲဖို့ ဆိုရင် အိုတဲ့တိုင်အောင် လက်ကိုင်ထားရမှာက မေတ္တာတရားပဲ။ မေတ္တာက "အကျိုးလိုလားခြင်း"ဖြစ်တဲ့အတွက် သဝန်တိုတာတွေ၊ ပိုင်ဆိုင်ချင်တာတွေ စသဖြင့် မဖြစ်တော့ဘူး။ သူ့အကျိုးကို ကိုယ်က လိုလား၊ ကိုယ့်အကျိုးကို သူကလိုလားနေတာ မေတ္တာရဲ့ သဘောပဲ။ မေတ္တာတွေ ရှိနေရင် ပျက်စီးအောင် လုပ်တာ၊ ဖျက်စီးတာတွေ မရှိတော့ဘူး။

နှစ်ဦးစလုံး အေးချမ်းစေတော့တာ အဲဒါ မေတ္တာပဲပေါ့။

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္ထ

ရှိနေတုန်းမှာ သိကြပါ

နယ်တရားပွဲတစ်ခုကြွတော့ တရားမဟော ခင် ဒကာအချို့ ဝတ်ကြီးဝတ်ငယ် ပြုကြရင်း လျှောက်ချင်တာလေးတွေ လျှောက်ကြပါတယ်။

တစ်ယောက်က "ဆရာတော်ဘုရား တပည့်တော်က အသက် (၉၀) ကျော် အမေကို ပြုစု လုပ်ကျွေးနေပါတယ် ဘုရား၊ တစ်ခါတရံ တပည့်တော် လည်း စိတ်ပင်ပန်းတဲ့အခါ အမေ့အပေါ် ငြူစူမိပါ တယ်။ စိတ်ကွက်တဲ့အခါလည်း ရှိပါတယ်။ စိတ် မကောင်းတဲ့အခါလည်း ရှိပါတယ်။ အဲဒါတပည့်တော် ဘယ်လို စိတ်ထားရမလဲဘုရား" ဆိုပြီး လျှောက်ပါ တယ်။

ဘုန်းဘုန်း အဖြေမပေးခင်ပဲ အနားက တစ်ယောက်က "အကိုရေ သိပ်ပြီး စိတ်မကွက်မိ ပါစေနဲ့၊ ကျွန်တော်ဆိုရင် အကို့လို ပြုစုပေးချင်ပေ မယ့် ကျွန်တော့်မိဘတွေက မရှိတော့ဘူးလေ၊ ရှိတုန်း လေး ပြုစုခွင့်ရတာပါ အစ်ကိုရေ" ဆိုပြီး အားပေး ပါတယ်။ ကောင်းလိုက်တဲ့ ခံယူချက်ပါ။

ဟုတ်တယ် ဒကာတို့ရေ၊ မိဘဆိုတာ အစား

ထိုးလို့ မရဘူးလေ။ မရှိတော့မှ ပြုစုချင်လို့လည်း ပြန်မှ မရနိုင်တော့တာ။ ရှိတုန်းလေးတော့ အဲဒီလို ပြုစုလုပ်ကျွေးခွင့် အခွင့်ရေးလေးတွေ လက်မလွတ်ပါစေနဲ့။ အခြေအနေတစ်ခုအရ အနီးကပ် မပြုစုနိုင်ကြလည်း ကိုယ်၏ စောင်မခြင်း၊ နူတ်၏ စောင်မခြင်းတွေနဲ့ ပြုစုနိုင်အောင် ကြိုးစားရမယ်နော်၊ နောက်ဆုံး ဘာမှ မလုပ်ပေးနိုင်ရင်တောင်မှ မေတ္တာလေးတော့ စိတ်ပါလက်ပါ အာရုံပြုပြီး ပို့ပေးကြပါ။ မေတ္တာ ဓာတ်ရဲ့ အစွမ်းကလည်း အကျိုးကြီးလှတယ် မဟုတ်လား။

တကယ်တော့ အိုလာတဲ့သူဆိုတာ ပြုစုဖို့ သိပ်ခက် သလို နာတာတွေပါ ပါလာရင် ပိုဆိုးတာပေါ့၊ အိုလာနာလာတော့ စိတ်သွားတိုင်း ကိုယ်မပါ၊ လိုတာတွေ မရတော့ အလိုမကျ ဖြစ်ကြတာပေါ့။ အလိုမကျတော့ နီးစပ်ရာအပြစ် မြင်ပြီး ပြုစုပေးနေတဲ့သူအပေါ်ပဲ ဖိအားတွေ ဖြစ်ကုန်တော့ တာပေါ့။ ကိုယ့်အလှည့်ကျရင် ပိုတောင်ဆိုးရင် ဆိုးနေအုံးမှာ၊ ဘယ်လိုပဲ ဖြစ်ဖြစ် စိတ်မညစ်ပါနဲ့။ မိဘကျေးဇူးဆိုတာ အခွင့်ရှိမှ ဆပ်ခွင့်ရတာ မဟုတ်လား။ သူတို့ အသက်ရှင်နေတုန်းလေးပဲ လုပ်ပေးခွင့်ရမှာ၊ မရှိတော့တဲ့အခါ ပြုစုလုပ်ကျွေးချင်ပေမယ့် အခွင့်မရှိတော့ဘူးလေ။

ပေးနိုင်တဲ့လက်က ဘယ်လောက်ပဲ ကြီးကြီး လက်ခံနိုင်တဲ့လက်က မကြီးဘူး မရှိတူးဆိုရင် ပေးချင်ပေမယ့်လည်း ပေးခွင့်မရှိ၊ ပေးချင်သလောက် ပေးခွင့်မရနိုင်ဘူး မဟုတ်လား၊ တစ်ခါတခါ ကိုယ်က သိပ်အဆင်မပြေသေးလို့ မိဘကို မကျွေးနိုင်မပေးနိုင်ဘူး။

အဆင်ပြေလို့ ပေးကျေးပြုစုလုပ်ပေးမယ်ဆိုတော့ မိဘများက မရှိကြတော့တာလည်း အများကြီးပါပဲ။ ကိုယ်ရှိမှ ပြုစုလုပ်ကျေးမယ်ဆိုတာထက် ကိုယ်ရှိနေတဲ့ အနေအထားလေးနဲ့ နိုင်သလောက် လုပ်ကျွေးတာက ပိုပြီး အကျိုးများပါတယ်။ မဟုတ်ရင် အခွင့်အရေးတွေက ဝေးဝေးသွားတာလည်း ရှိတတ်တယ်လေ။

ဒါကြောင့် မိဘကျေးဇူးဆိုတာ ရှိနေတုန်းမှာ သိပြီး အမိအရ ပေးဆပ်နိုင်ပါမှ ပိုပြီး အကျိုးကြီးလှတာ ဖြစ်တဲ့အတွက် မရှိလို့ ပြုစုခွင့် မရတဲ့သူတွေထက်စာရင် ရှိလို့ ပြုစုခွင့်ရနေတဲ့ ကိုယ့်ဘဝရဲ့ တန်ဖိုးကိုသိပြီး သက်ရှိထင်ရှား မိဘများအပေါ် ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ငြိုငြင်စိတ် မပေါ်အောင် ကြိုးစားရင်း ရှိခြင်းရဲ့ တန်ဖိုးကို ရှိနေတဲ့အခိုက် အမိအရ ရယူလိုက်ကြဖို့ပဲ ဖြစ်ပတယ်။

Like | Comment | Share

Status | Photo | Check In

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

ပဌာန်းဆက်ဆိုတာ
အချိန်ကျမှ ဆုံဖြစ်တာပါ

လူတွေ တစ်ဦးနဲ့ တစ်ဦး ချစ်ချစ်ခင်ခင်နေလို့ရတယ် ဆိုတာ

၁။ အတိတ်ဘဝက အကြောင်းပဌာန်းဆက်ရှိလို့ရယ်

၂။ လက်ရှိဘဝမှာ တစ်ဦးအကျိုးကို တစ်ဦးက ဆောင်နေကြလို့ရယ်

ဒီအကြောင်း ၂ ပါးကြောင့် ဆုံနေကြရတာပါ။ ဒါကိုပဲ ပဌာန်းဆက်ရှိလို့ ရေစက်ရှိလို့လို့ ပြောကြတာပါ။

တကယ်တော့ ပဌာန်းဆက်ကို လျှောတွက်လို့ မရဘူး။ အချိန်မတန်သေးလို့ ရေစက်မဆုံဖြစ်ကြသေးပေမယ့် အချိန်တန်ရင်တော့ ဘယ်မှာပဲ ဖြစ်ဖြစ် ဘယ်သူနဲ့ပဲဖြစ်ဖြစ် ဆုံဖြစ်ကြတာပါပဲ။ အချိန်မတန်သေးလို့ကတော့ အိမ်ချင်းကပ်နေတာတောင် သိချင်မှ သိကြတာ မဟုတ်ဘူးလေ။

ဒါကြောင့် ပဌာန်းဆက်ရှိလို့ ဆုံနေကြရတဲ့

ဘဝမှာ ဆုံနိုင်ခွင့်တွေ တွဲလက်ဆက်နိုင်ဖို့ တစ်ဦး အကျိုးကို တစ်ဦးက လိုလားတဲ့ မေတ္တာဓာတ်နဲ့အတူ ညီညာတွဲယှက် ခရီးဆက်ကြဖို့ပဲ မဟုတ်လား။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

လူတော်လူကောင်း

"လူတော်နဲ့ လူကောင်း ဘယ်သူက ပိုအရေးကြီးသလဲ" တဲ့။

"နှစ်ယောက်စလုံး အရေးကြီးတာပေါ့"။ လောကကောင်းကျိုးအတွက် တော်လည်းတော်၊ ကောင်းလည်း ကောင်းတဲ့သူတွေ အများကြီး လိုအပ်တာ မဟုတ်လား။ တော်ပြီး မကောင်းပြန်ရင် ချော်ပြီး စောင်းတာတွေ ဖြစ်တတ်သလို ကောင်းပြီး မတော်ပြန်လည်း စောင်းပြီး ချော်တာတွေ ရှိတတ်တယ်။

လောကအကျိုးဆောင်သူဆိုတာ တော်လည်းတော်၊ ကောင်းလည်း ကောင်းဖို့ လိုပါတယ်။ တော်ဖို့ဆိုရင် ပညာတတ်ရမယ်။ ကောင်းဖို့ဆိုရင် တရားသိရမယ်။ လူတော်ဖြစ်ဖို့ ပညာအမွေ ပေးရမယ်။ လူကောင်းဖြစ်ဖို့ ဓမ္မအမွေပေးရမယ်။ လူတော်တွေ မွေးထုတ်ပေးဖို့ ဆရာတွေမှာ တာဝန်ရှိတယ်။ လူကောင်းတွေ မွေးထုတ်ပေးဖို့ ဘာသာရေးအမွေ

ပေးသူတွေမှာ တာဝန်ရှိတယ်။ တော်ပြီးကောင်းတဲ့ သူတွေ မွေးထုတ်ပေးဖို့ မိဘတွေမှာ အဓိက တာဝန်ရှိတယ်။

"လက်ဦးဆရာ မည်ထိုက်စွာ ပုဇ္ဇာစရိယ မိနဲ့ဘ" ဆိုသလို မိဘဆိုတာ သားသမီးတွေရဲ့ ဆရာဦးပဲ။ မိဘတွေ မပါလို့ကတော့ ဘယ်လောက်တော်တဲ့ဆရာဖြစ်ဖြစ် ကလေးတစ်ယောက်ကို လူတော်ဖြစ်အောင် မွေးထုတ်ပေးဖို့ မလွယ်သလို ဘယ်လောက်ကောင်းတဲ့ တရားပြဆရာပဲဖြစ်ဖြစ် မိဘက ပို့ပေးတဲ့ ကလေးမလာရင် ဓမ္မအမွေ မပေးနိုင်ဘူးပေါ့။ ကလေးဆိုတာ မိဘပါမှ တော်ကောင်းလိမ္မာ ပြည့်စုံလာမှာ မဟုတ်လား။

ရုပ်ပိုင်းဆိုင်ရာ တိုးတက်လာတဲ့ ဒီနေ့ကမ္ဘာမှာ လူတော်တွေဖြစ်ဖို့ ပညာအမွေပေးရတာ အတော်လွယ်သွားပြီ။ မိဘအတော်များများကလည်း သားသမီးတွေကို ပညာတတ် လူတော်တွေ ဖြစ်ဖို့ပဲ သူ့ထက်ငါ အပြိုင်အဆိုင် ကျောင်းကောင်းကောင်း၊ ဆရာကောင်းကောင်းတွေ ထားကြတယ်။ ခြွင်းချက်ကတော့ ပိုက်ဆံရှိ အသိုင်းအဝိုင်းတွေပဲ ပြိုင်ကြတာ များပါတယ်။ "ပညာရှေ့အိုး လူမခိုး မဟုတ်တော့ဘဲ" "ရှေ့အိုးရှိမှ ပညာရ" ဆိုတာတွေ ဖြစ်လာတော့တာပါပဲ။

ခက်တာက လူတော်တွေဖြစ်ဖို့ ပညာအမွေပေးဖို့ပဲ ကြိုးစားနေကြတော့ မျိုးဆက်တွေမှာ ပညာတတ် လူတော်တွေ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ဘာသာရေးအမွေ မပေးနိုင်တော့ လူကောင်းလေးတွေ ဖြစ်မလာဘဲ ပညာတတ် လူမိုက်လေးတွေ များ

လာတဲ့အချက်ပါပဲ။ လူတော်ဖြစ်ပြီး လူကောင်းမဖြစ်တော့ မိဘကျေးဇူး၊ ဆရာ့ကျေးဇူး၊ လောကကျေးဇူးမသိတော့ဘဲ လောကဝတ်၊ ဓမ္မဝတ်တွေပါ ချိုတ်ယွင်းကုန်ပါတယ်။ ပညာတတ်ပြီး ဘာသာရေးအသိ မရှိတော့ မိဘကို ခြေရာတိုင်းတာတွေ မိဘအပေါ် အပြစ်မြင်တာတွေ မိဘကို ကျွေးမွေးစောင့်ရှောက်တဲ့အပေါ် ငြိုငြင်တာတွေ စသဖြင့် ဖြစ်ကုန်တော့တာပါပဲ။ မိဘကျေးဇူးထက် ကိုယ်ပေးတာလောက်အပေါ် မာန်မောက်တာတွေလည်း ဖြစ်လာတော့တာပေါ့။ ကြာတော့ မိဘတွေမှာ ပညာတတ် လူတော် သားသမီးတွေကို ခေါ်ပြောဖို့တောင်မှ ခပ်ရွံ့ရွံ့ဖြစ် ကုန်တော့တာပေါ့။ တော်ပြီး မကောင်းတဲ့ သားသမီးထက်စာရင် မတော်ပေမယ့် ကောင်းတဲ့ သားသမီးကမှ မွေးရကျိုး နပ်တယ်ဆိုတာမျိုးတွေ လည်း ဖြစ်လာတော့တာပေါ့။

အရင်းစစ်တော့ သားသမီးတွေကို အမွေပေးတဲ့အခါ ပညာအမွေသာပေးပြီး ဘာသာရေးအမွေ မပေးခဲ့တဲ့အတွက်ကြောင့်ပါပဲ။ ပညာအမွေ ပေးလို့ တော်လာပေမယ့် ဘာသာရေးအမွေ မပေးမိတော့ ချော်ကုန်တဲ့အဖြစ်ပါပဲ။ ပညာအမွေကတော့ ပစ္စုပ္ပန်ဘဝ ကောင်းစားရေးအတွက် သက်သက်သာဖြစ်ပြီး ဘာသာရေးအမွေကတော့ ပစ္စုပ္ပန် သံသရာနှစ်ဖြာ ကောင်းစားရေးအတွက်ပဲ ဖြစ်ပါတယ်။ နှစ်မျိုးလုံး ပေးနိုင်ရင်တော့ မိဘဆရာသမား အားလုံးက မျှော်လင့်နေကြတဲ့ "လူတော်လူကောင်း" လေးတွေ ဖြစ်လာမှာ အသေအချာပဲပေါ့။

ဒါကြောင့် ခေတ်ကာလ အခြေအနေရ မိဘတွေ

အနေနဲ့ မိမိတို့ရဲ့ သားသမီးတွေကို လူတော်လူကောင်းလေးတွေ ဖြစ်စေဖို့ ပညာအမွေလည်း ပေးကြပါ။ ဘာသာရေးအမွေလည်း ပေးကြပါ။ ပညာရေးအတွက် စာသင်ကျောင်းတွေကို ပို့ပေးကြပါ။ ဘာသာရေးအတွက် ဓမ္မစကူးလ်းကျောင်းတွေကို ပို့ပေးကြပါ။ ဒါဆိုရင် သားသမီးတွေဟာ တော်လည်း တော် ကောင်းလည်း ကောင်းတဲ့ ''လူတော်လူကောင်း ''သားသမီးရတနာလေးတွေ ဖြစ်လာမှာ အမှန်ပဲပေါ့။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

ဖြေလျှော့ကြည့်ပါ အနေပေါ့တာပေါ့

ဆုံးရှုံးသွားမှာ ကြောက်လို့ ဆုပ်ကိုင်ထားတာတွေက ကြာတော့ ပိုပြီး ဆုပ်ထားလေ နာကျင်မှုက ပိုများလေပါပဲ။ လွတ်သွားမှာ စိုးတဲ့စိတ်က ပူလောင်မှုကို တိုးစေတာပဲ မဟုတ်လား။

ဖွဖွလေး ဆုပ်ထားရင် နွေးထွေးမှုကို ဖြစ်စေပေမယ့် အတင်းအကြပ် ဖြစ်လာရင်တော့ ဆုပ်ကိုင်ထားခံရတဲ့သူမှာလည်း နာကျင်ခံစားစေတာပဲလေ။

ဖြည်လျှော့ရင်တော့ အနေပေါ့တာပေါ့။ ကိုယ်လည်း သက်သာသူလည်း နွေးထွေး၊ ဘယ်လောက်များ အေးလိုက်မလဲလေ။ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားတာတွေကို ဖြည်းဖြည်းလေးနဲ့ ဖွဖွလေးပဲ ဖြေလျှော့ ကြည့်လိုက်ပါ။ သူရောကိုယ်ပါ အဆင်ပြေသွားတာပေါ့။

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

အချောင်လိုချင်စိတ်

"ကိုယ့်ပစ္စည်းမဟုတ်ရင် လမ်းမှာ ကောက်ရတဲ့ သူများပစ္စည်းအပေါ် အလုအယက် အပြိုင် ကောက်တာလည်း အချောင်လိုချင်တဲ့ သဘောပါပဲ"

အချောင်လိုချင်တဲ့စိတ်ကို တွန်းလှန်နိုင်တာဟာ အင်မတန် ဂုဏ်သိက္ခာ ရှိပါတယ်။ သီလသိက္ခာနဲ့ ရိုးသားမှု သိက္ခာဟာ အချောင်ရလိုက်တဲ့ တန်ဖိုးကြီး ပစ္စည်းတွေထက် အဆပေါင်းများစွာ တန်ဖိုးကြီးပါတယ်။ လိပ်ပြာမလုံတဲ့ ရယူမှုထက် စာရင်း လိပ်ပြာသန့်သန့် ရှိနေမှုကသာ ဘဝအတွက် မှတ်ကျောက်တင်စရာပဲ ဖြစ်ပါတယ်။

အချောင်လိုချင်စိတ်က အလေ့အကျင့် မရှိရင် လမ်းမှာ သူများကျန်ခဲ့တဲ့ ပစ္စည်းတစ်ခုခု တွေ့ရင်တောင် "ထောတာပဲ၊ ပွတာပဲ" ဆိုတဲ့ အတွေးနဲ့ အလုအယက် ကောက်ယူလေ့ရှိတယ်။ အမှန်တော့ လမ်းမှာတွေ့တဲ့ ပစ္စည်းတစ်ခုလို့ ဆိုထားပေမယ့် ကိုယ့်ပစ္စည်းမှ မဟုတ်တာ၊ ထောစရာကို အကြောင်းမရှိပါဘူး။ ယဉ်ကျေးမှုတွေ အသားကျနေတဲ့ နိုင်ငံ

တွေဆိုရင်တော့ ကောက်ရတဲ့ပစ္စည်းဆိုပြီး ကိုယ့်အိပ်ထဲ ထည့်မသွားပါဘူး၊ နီးစပ်ရာ အစိုးရ ပစ္စည်းအပ်နှံရာဌာနတွေမှာ အပ်နှံပြီး ပိုင်ရှင်လက် အရောက်ပို့ပေးလေ့ရှိတော့တာပဲ ဖြစ်ပါတယ်။

ကိုယ်တွေ ရှေနိုင်ငံသားတွေမှာတော့ အဲဒီလို ပစ္စည်းအပ်ယဉ်ကျေးမှု ဆိတ်သုဉ်းနေတာ အတော်ကြာလှပေါ့။ ကိုယ်ကျပျောက်သွားတဲ့ ပစ္စည်းမဟုတ်ဘဲ သူများကျ ကျန်ခဲ့တဲ့ ပစ္စည်းမှန်း သိသိချည်းနဲ့ ''ထောပြီဟေ့'' ဆိုတဲ့ အချောင်လိုချင်စိတ်က နေရာအရင်ယူတော့တာ ဖြစ်ပါတယ်။ အချောင်လိုချင်စိတ်တွေမှာ အသားကျလာတော့ ပစ္စည်းတစ်ခုခု ကောက်ရရင် သက်ဆိုင်ရာကို အပ်နှံတတ်တဲ့ အကျင့်တွေ ဆိတ်သုဉ်းသွားတော့တာပဲဖြစ် ပါတယ်။

ရှားရှားပါးပါး တစ်လောက လူမှုကွန်ယက်မှာ ပေါ်ပြူလာဖြစ်သွားတဲ့ တက္ကစီမောင်းသူ လူငယ်တစ်ယောက်ရဲ့ လုပ်ရပ်ကလေးတော့ ကိုယ့်ဆွေကိုယ်မျိုးများ အတုယူလိုက်နာသင့်တဲ့ စံပြုစရာအချက်ပဲ ဖြစ်ပါတယ်။ အချောင်လိုချင်စိတ်ကို တွန်းလှန်နိုင်တဲ့ သူ့ရဲ့ စိတ်နေသဘောထားက ဂုဏ်ပြုစရာပဲဖြစ်ပါတယ်။ သိန်းထောင်ကျော် တန်ဖိုးရှိတာတွေကို ကောက်တွေ့ရပေမယ့် အချောင်လိုချင်စိတ်ကို တွန်းလှန်ပြီး ပိုင်ရှင်ထံ အရောက် ပြန်အပ်နှံနိုင်ခဲ့တဲ့သူရဲ့ စိတ်သဘောထားဟာ အချောင်သမားများလွန်းလှတဲ့ မြန်မာပြည်ကြီးမှာတော့ စံထားစရာအမှန်ပဲဖြစ်ပါတယ်။ ဝမ်းသာစရာကောင်းတာက သူ့ရဲ့ ရိုးသားမှုကို ဂုဏ်ပြုတဲ့အနေနဲ့ ပစ္စည်းပိုင်ရှင်

က တက္ကစီတစ်စီး ပေးအပ်ဂုဏ်ပြုမယ်ဆိုတာပါပဲ။ လိပ်ပြာသန့်သန့် လက်ခံရရှိတဲ့ သိန်းရာကျော်တန်ဟာ အချောင်ရလိုက်တဲ့ သိန်းထောင်ကျော်ထက် အဆပေါင်းများစွာ တန်ဖိုးရှိနေတော့တာပဲ ဖြစ်ပါတယ်။

တကယ်တော့ ဘဝမှာ ဘယ်လောက်ပဲ တန်ဖိုးကြီးကြီး ပစ္စည်းဝတ္ထုကို ပိုင်ဆိုင်ထားပါစေ လိပ်ပြာသန့်သန့် ရရှိထားတာမျိုး မဟုတ်ရင် ရှိသလောက် ချမ်းသာမှာ မဟုတ်ပါဘူး။ အချောင်ရထားတဲ့ အရာတွေသာဆိုရင်တော့ ချောင်တယ်လို့ ထင်ရပေမယ့် လက်တွေ့ဘဝမှာ မချောင်လှပါဘူး။ ကိုယ်ဘယ်လိုရထားတာ သူများတွေ မသိပေမယ့် ကိုယ့်ကိုယ်ကိုယ်က သိနေတာဖြစ်တော့ ရှိသလောက် လိပ်ပြာမသန့် ဖြစ်နေမိမှာတော့ အမှန်ပါပဲ။

ဒါကြောင့် ဘာမှ အကြာကြီး မဟုတ်တဲ့ လောကကြီးမှာ အိတ်ဖာအဟန့်တွေနဲ့ ဖိတ်စာခန့်ဖို့ ထက် ရိက္ခာအကန့်ကလေးတွေနဲ့ လိပ်ပြာသန့်သန့်နေတဲ့ ဘဝက ဂုဏ်သိက္ခာအရ တန်ဖိုးရှိလှတာ ဖြစ်တဲ့အတွက် အချောင်လိုချင်တဲ့စိတ်ကို တွန်းလှန် လိပ်ပြာသန့်သန့် ဘဝခန့်အောင် ကြိုးစား ကြရမှာဖြစ်ပါတယ်။

Like | Comment | Share

Status | Photo | Check In

Notes

Comments

မနှာပဒါယီ အရှင်ဝိစိတ္တ

ခွင့်လွှတ်ခြင်း

"အမှားအတွက် ခွင့်လွှတ်တယ်ဆိုတာ ပါးစပ်ကနေ ခွင့်လွှတ်တယ်ဆိုရုံ မဟုတ်ဘဲ နှောက်ထပ် လုပ်ခွင့်လေးပါ ပေးလိုက်တာမျိုးမှ တကယ်ခွင့်လွှတ်တာပါတဲ့"

ပညာရှင် အက်ဒီဆင်ရဲ့ (Edison) စကားမှတ်သား ဖူးပါတယ်။ ဟုတ်တယ်၊ လောကမှာ တစ်ချို့က ပြီးခဲ့တဲ့ကိစ္စကိုတော့ ခွင့်လွှတ်လိုက်တယ်။ ဒါပေမယ့် ရင်ထဲမှာ အမှတ်ကလေးတော့ ချန်ထားတတ်ကြတယ်။ ပြီးရင် နောင်အခါမှာလည်း သူ့ကို အခွင့်အရေး သိပ်မပေးဖြစ်တော့ဘူး။ ဒီလိုခွင့်လွှတ်မှုမျိုးကတော့ လွှတ်လပ်စင်ကြယ်တဲ့ ခွင့်လွှတ်မှု အဖြစ် ပြောလို့မရဘူးပေါ့။ ခွင့်လွှတ်ပေမယ့် ကိုယ့်မှာ အနာကျန်နေသေးရင် ဒါဟာ အလုံးစုံခွင့်လွှတ်မှုမျိုး၊ လွှတ်လပ်ပေါ့ပါးတဲ့ ခွင့်လွှတ်မှုမျိုး မဖြစ်နိုင်ဘူးပေါ့။

ဘဝမှာ တကယ်ခွင့်လွှတ်နိုင်တဲ့သူဆိုတာ စိတ်ထဲမှာ အနာမကျန်ဘဲ အရှင်းခွင့်လွှတ်နိုင်မှ ပိုပြီး

တန်ဖိုးရှိပါတယ်။ သူတော်ကောင်းတွေရဲ့ ခွင့်လွှတ်မှု စွမ်းအားကတော့ ကိုယ့်ကို ဒုက္ခပေးနေတဲ့သူကို တောင် မေတ္တာဓာတ်တွေ ပေးနိုင်ပါတယ်တဲ့လေ။ ဘာနဲ့တူသလဲဆိုတော့ အရိပ်ကောင်းတဲ့ သစ်ပင်ကြီးဟာ အရိပ်ခိုတဲ့သူကို အရိပ်နဲ့ အေးမြစေသလို အရိပ်ခိုရင်း အကိုင်းချိုးပြီး သစ်ပင်ခုတ်လဲတဲ့ သူကို တောင် မလဲမချင်း အရိပ်တွေ ပေးနေသလိုပါပဲတဲ့။

ဒါကြောင့် ခွင့်လွှတ်ဖို့ဆိုတာ မလွယ်တဲ့ ကိစ္စဖြစ်ပေမယ့် ခွင့်လွှတ်နိုင်ရင် ခွင့်လွှတ်နိုင်တာနဲ့အမျှ ကိုယ့်ကိုယ်ကိုယ် ချမ်းသာမှုကို ရစေနိုင်တဲ့ အတွက် အညှိုးအတေး အာဃာတမပါတဲ့ ရိုးရှင်းတဲ့ လွတ်လပ်တဲ့ အခွင့်ပေးနိုင်တဲ့ ခွင့်လွှတ်မှုမျိုးဖြစ်အောင် လေ့ကျင့်ကြဖို့ပဲ မဟုတ်လား။

ခွင့်လွှတ်ခြင်းများစွာဖြင့်...

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

မရတဲ့အဆုံးတော့ သတ်ပစ်လိုက်ရမှာပဲပေါ့

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိနေချိန်က ဖြစ်ပါတယ်။ တစ်နေ့ မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူချိန် မြင်းသတ္တဝါတွေကို ပြုပြင်ဆုံးမတဲ့နေရာမှာ အရမ်းနာမည်ကြီးတဲ့ ကေသိမြင်းဆရာကြီးနဲ့ ဆုံဖြစ်ပါတယ်။ ဆရာကြီးနဲ့ ဆုံတဲ့အခိုက်မှာ မြတ်ဗုဒ္ဓက မေးခွန်းလေးတွေ မေးတော်မူပါတယ်။

"ဆရာကြီးဟာ ပုံစံအမျိုးမျိုး ရှိနေတဲ့ မြင်းတွေကို ဆုံးမပြုပြင်တဲ့နေရာမှာ အထူးနာမည်ကြီးပါတယ်။ ဘယ်လို နည်းတွေနဲ့ ဆုံးမပြုပြင်ပါသလဲ ဆရာကြီး" လို့ မေးတော်မူတဲ့အခါ

"မှန်ပါ တပည့်တော် ပြုပြင်နည်း လေးမျိုးနဲ့ ပြုပြင်ပါတယ်။ ပထမ အနုနည်း၊ ဒုတိယ အကြမ်းနည်း၊ တတိယ အနုအကြမ်းနည်းနဲ့ စတုတ္ထနည်းကတော့ သတ်ပစ်တဲ့နည်းပါ။ တစ်ချို့ မြင်းတွေက အနုနည်း အချော့ကြိုက်တယ်။ တစ်ချို့မြင်းတွေက ကြမ်းမှ ရတယ်၊ တစ်ချို့မြင်းတွေက ချော့တစ်ခါ

ခြောက်တစ်လှည့်လုပ်မှ အဆင်ပြေတယ်။ တစ်ချို့ အလွန်ဆိုးတဲ့ မြင်းတွေကတော့ ချော့လည်း မရ၊ ခြောက်လည်း မရ၊ အနုအကြမ်းနည်း ဘယ်နည်းနဲ့မှ ကို မရတဲ့ မြင်းတွေ ရှိတယ်။ အဲဒီလိုဘယ်လိုမှ မရတဲ့ မြင်းတွေတော့ တပည့်တော် သတ်ပစ်လိုက်တယ် ဘုရား''ဆိုပြီး ဆရာကြီးက ရှင်းပြပါတယ်။

ပြီးတော့ ကေသီဆရာကြီးက မြတ်ဗုဒ္ဓကို ''မြတ်စွာဘုရား... အရှင်ဘုရားလည်း သတ္တဝါတွေကို ဆုံးမပြုပြင်တဲ့နေရာမှာ အထူးနာမည်ကြီးပါတယ်၊ ဘယ်ပုံ ဘယ်နည်း ဆုံးမတော်မူပါသလဲ ဘုရား''လို့ မေးလျှောက်ပါတယ်။

မြတ်ဗုဒ္ဓက ''ငါဘုရားလည်း သင့်လိုပဲ နူးနူးညံ့ညံ့ ဆုံးမရမယ့် သတ္တဝါတွေဆို အနူးညံ့ဆုံး ဆုံးမတယ်။ ကြမ်းမှရမယ့် သတ္တဝါတွေဆို ခပ်ကြမ်းကြမ်း ပြုပြင်တယ်။ အချော့အခြောက် နှစ်မျိုးလုံးမှရတဲ့သတ္တဝါဆွေဆိုရင်တော့ အနုအကြမ်းနည်းကို သုံးရတယ်ဆရာကြီး။

''အရှင်ဘုရား၊ ဒါဆိုရင် အနုအကြမ်းဘယ်လိုပဲ ပြုပြင်ပြုပြင်မရတဲ့ သတ္တဝါတွေဆိုရင်ကောဘုရား''လို့ လျှောက်တော့ ''ဘယ်လိုမှ မရရင်တော့ ငါဘုရားလည်း သတ်ပစ်ရတာပဲ ဆရာကြီး'' လို့ မြတ်ဗုဒ္ဓက မိန့်တော်မူတဲ့အခါ ပုဏ္ဏားကြီးက အရှင်ဘုရားလည်း တပည့်တော်လို သတ်တာပါပဲ လားဘုရားတဲ့။

ပုဏ္ဏားကြီး ''ငါဘုရား သတ်တယ်ဆိုတာ အသက်ကို သတ်တာ၊ သတ္တဝါကို သေအောင် သတ်တာ မဟုတ်ဘူး။ **သမ္မေသတ္တာ ကမ္မဿကာ**-သူ့ကံနဲ့

သူ ရှိပါစေတော့ဆိုပြီး ဥပေက္ခာပြုလိုက်တာပါပဲ။ သူတော်ကောင်းများ ဥပေက္ခာအပြုခံရခြင်းဟာ အသတ်ခံရသလိုပါပဲ။ ရှင်နေပေမယ့် သေတာနဲ့ အတူတူပါပဲ''လို့ ဗုဒ္ဓမြတ်စွာ မိန့်တော်မူပါတယ်။ (ကျမ်းကိုး-အင်္ဂုတ္တရနိကာယ်၊ စတုတ္ထနိပါတ်၊ ကေသိသုတ်)

ဒီနေရာမှာ အထူးပြု ပြောချင်တာက ဘုရားမြတ်စွာရဲ့ ''သတ်ပစ်လိုက်တာပါပဲ''ဆိုတဲ့ အသုံးလေးနဲ့ ဘုရားစသော သူတော်ကောင်းကြီးများရဲ့ သတ်နည်းလေးပါပဲ။ သူတော်ကောင်းများရဲ့ သတ်နည်းက ''ဥပေက္ခာပြုလိုက်တာပါပဲ'' တဲ့လေ၊ လောကမှာ ဘယ်လိုမှ ဆက်ဆံလို့ မရ၊ ပြုပြင်ဆုံးမလို့ မရတဲ့သူတွေကို သတ်ပစ်လိုက်တာ အကောင်းဆုံးပါပဲ၊ အပြစ်လည်း မဝင်၊ အနှစ်လည်း မထင်ပေမယ့် ကံတရားရဲ့ သက်ရောက်မှုကို ပုံဖော်စေတဲ့ ဒီလိုသတ်နည်းမျိုး၊ တစ်နည်းအားဖြင့် ဥပေက္ခာနလုံးသားနဲ့ နေထိုင်ခြင်းမျိုးကတော့ ဘယ်လိုမှ မရတဲ့သူတွေနဲ့ ဆက်ဆံရာမှာ အကောင်းဆုံး ဆက်ဆံနည်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဘဝမှာ အနှလည်းမရ၊ အကြမ်းလည်း မရ၊ ချော့လို့လည်း မရ၊ ခြောက်လို့လည်း မကြောက်၊ ဘယ်လိုမှကို ပြုပြင်လို့ မရတဲ့သူတွေ အတွက် သူတော်ကောင်းများ လမ်းစဉ်အတိုင်း သတ်ပစ်လိုက်တာပဲ ကောင်းပါတယ်ပေါ့။

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္ထ

ဇယ်တောက်တာကို သွားမြင်တာကိုး

တစ်လောက လာနေကျ ဒကာကြီးတစ်ယောက် ကျောင်းရောက်လာရင်း သူက လျှောက်ပါတယ်။

"ဆရာတော်ဆီလာရတာ စိတ်ချမ်းသာတယ် ဘုရား၊ လာတိုင်းစာရေးနေတာ စာဖတ်နေတာ တွေ့နေရတာ အားရှိတယ်ဘုရား၊ တပည့်တော် အိမ်နားက ကျောင်းကို သွားရင် အဲဒီဆရာတော် ဇယ်တောက်နေတာတွေ့တော့ တပည့်တော်စိတ်ထဲမှာ သိပ်မကြည်ဘူးဘုရား" တဲ့။

"အင်းဒကာကြီးက ဇယ်တောက်တာ သွားမြင်တာကိုး၊ အဲဒီဆရာတော် စာချနေချိန်၊ တရားပြနေချိန်၊ ဘုရားဝတ်တက်၊ ပရိတ်ပဌာန်းရွတ်တဲ့အချိန်မှ မသွားတာ၊ မမြင်မိတာနေမှာပါ၊ အချိန်ပြည့်တော့ တစ်နေကုန် ဇယ်တောက်နေမှာ မဟုတ်ဘူးပေါ့၊ ဒီလိုဘဲ ဘုန်းဘုန်းကို တွေ့မိတဲ့အချိန်က စာရေးစာဖတ်ချိန်သွားတွေ့တော့ အကောင်းချည်းပဲ မြင်မှာပေါ့။ ဘုန်းဘုန်း မကောင်းတာကို ဒကာကြီး မတွေ့မိသေးလို့နေမှာပါ။ သူဟာနဲ့သူ အကောင်းက

တော့ ရှိနေကြမှာပေါ့။ ကိုယ်က မကောင်းတဲ့ အချက်ကလေး သွားတွေ့ပြီး မကောင်းတာလေးတွေ မှတ်ထားမိလို့ မကောင်းအမြင် ဖြစ်သွားတာပါ။ အမှိုက်ဖုံးနေတဲ့ ရေကို အပေါ်က အမှိုက်လေးတွေ ဖယ်လိုက်ရင် အောက်မှာ ရေကြည်လေးတွေ ရမှာပေါ့ ဒကာကြီး''လို့ သူ့ကို ရှင်းပြ ဖြစ်ပါတယ်။

ဟုတ်တယ်၊ တစ်ခါတခါ ဘဝမှာ အမြင်အတွေးက သိပ်အရေးကြီးတယ်။ အတွေးအမြင် မှားရင် အကုသိုလ် ဖြစ်တာများပြီး အမြင်အတွေးမှန်တာနဲ့ ကုသိုလ်ဖြစ်သွားတာ၊ စိတ်က သိပ်မြန်တယ်၊ အကောင်းဘက်က ကြည့်တတ်၊ ဖြည့်တွေးတတ်တဲ့ စိတ် က ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ အပြစ်အဖြစ် သက်သာသွားတာပဲ။ မကောင်းတာကို ရှာပြီး မကောင်းအမြင်ပဲ မြင်နေတတ်တဲ့ သူအတွက်တော့ အကုသိုလ်အဖြစ် လွယ်သွားတာပေါ့။

အမြင်အတွေးမှားရင် အထင်သေးသွားတာမျိုး ဖြစ်တတ်သလို အမြင်အတွေး မှန်တာနဲ့ အနှစ်ကလေးတွေက ကျန်နေတတ်တာရှိတော့ ဇယ်တောက်နေတာကိုပဲ သွားမကြည့်နဲ့ပေါ့။ ကိုယ်မလုပ်နိုင်တဲ့ ကောင်းတဲ့အလုပ် လုပ်နေတာလေးတွေလည်း ရွေးပြီး ကြည့်ကြဦးပေါ့။

Like | Comment | Share

Status | Photo | Check In

Comments

မနာဝဒါယီ အရှင်ဝိစိတ္တ

အာသာနဲ့ သာသနာ

ပြန်မပြောချင်ပါဘူး၊
သံယောဇဉ်များမှာ စိုးလို့။
တစ်ခါ တစ်ခါ မခို့တရိုနဲ့
လာလာလို့ ညှို့ညှို့နေပေမယ့်
သာသနာမှာ တို့တစ်တွေအတွက်
အာသာနဲ့ ကြည့်လို့မရ
ဝါသနာနဲ့ ညှိနေရ
အားအင်တွေ မကျမှ ဖြစ်မှာပေါ့။

သံယောဇဉ်ဆိုတာက
ချစ်ရင်လည်းတွယ်
မုန်းရင်လည်းတွယ်
ဖုန်းကွယ်လို့လည်းမရ
နှလုံးသားဝယ် ခဏခဏ
အပြုံးတွေကျ အရှုံးတွေ
ရစေတတ်တာပဲ မဟုတ်လား။

ဘယ်သူတွေ ဘယ်လိုပဲ လာလာလှုပ်ပါစေ
လှုပ်လှုပ်ရှား ဒီစိတ်ထားကို
မလှုပ်မရှား သဒ္ဓါတရားနဲ့
သံယောဇဉ်တွေကြား
အားအင်တွေ မပါးရအောင်
အချစ်လည်းရှောင်
အမုန်းလည်းရှောင်ပြီး
မချစ်မမုန်း နေနိုင်အောင်သာ
ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်
သတိနဲ့ ပြင်ဆင်ပြီး
အာသာနဲ့ သာသနာယှဉ်ရင်
ဆန္ဒကို သိက္ခာနဲ့ထိန်း
သာသနာမယိမ်းဖို့
တို့သာသနာ့ ညီအစ်ကိုတွေ
ထိန်းကြပါစို့။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

တရားကျစရာ FB ကမ္ဘာ

ညြော်... ဖေ့စ်ဘုတ်လောက
အကောင်း အဆိုးတွေနဲ့ ရောသမနေတော့
သဘောတော့လည်း ခပ်ကျကျ။
အကောင်းနဲ့ကျော်တဲ့ ဆယ်လီ (celebirty)
မကောင်းနဲ့ကျော်တဲ့ ဆယ်လီ
နောက်လိုက်တွေကလည်း ရယ်ဒီ
ကွယ်ရာကျတော့ ရယ်ပြီပေါ့။

အကောင်းကြားနေကျ ဆယ်လီက
ကောင်းတာတွေပဲ ကြားချင်လှ
Like/Share တွေပဲ ရချင်လှ
မရပြန်တော့ ဘဝင်မကျ။
အဆဲခံနေကျ ဆယ်လီက
အဆဲမရတော့ ဘဝင်မကျ
များများဆဲမှ သူ့သဘောကျ
ငါတင်တာတွေ ဟုတ်သဟ
သူ့ကိုယ်သူလည်း ထင်နေပ။

အရင်းစစ်တော့ အစစ်မဟုတ်
အားလုံးဟာ ဒြပ်ရှပ်ပဲ။
အင်တာနက် မရှိရင် သူမရှိ
Screen မပေါ်ရင် သူမပေါ်
ဘက်ထရီကျလည်း သူမရ
အားလုံးဟာ တစ်ခဏပဲလေ။

သတ်မှတ်ချက်ဆိုတာ ဒါပါပဲ။
ဘာကိုမှလည်း မစွဲနဲ့။
Like ပဲ ရရ၊ Un ပဲ ရရ၊
မန့်လည်း အိုကေ၊ မမန့်လည်း အိုကေ၊
ကိုယ့်ဟာကိုယ် စိုပြေနေဖို့ပဲ မဟုတ်လား။
block သွားတော့လည်း ဘာအရေးလဲ။
ကိုယ့်ဘက်ကတော့ အေးဆေးပဲလေ။
လိုအပ်ရင်တော့ ကိုယ်လည်း ဘလော့ပေါ့။
အပြစ် မဖြစ်ချင်လို့ ဥပေက္ခာပြုတဲ့သဘော
FB လောက
ဒါသဘာဝပဲလို့ သဘောကျ
မနောလှအောင်သာ ကြိုးစား
အဆိုးမများဖို့ အဓိကပါပဲ။

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

အသိနဲ့ သတိ

အသိတွေ သတိဝင်လာတဲ့အခါ အရှိတွေ ဘာမှမဟုတ်ဘူးဆိုတာ သင် သိလာလိမ့်မယ်။

အဲဒီအချိန်မှာ နောက်ကောက်ကျတဲ့ နောင်တနဲ့ သောကမဖြစ်ဖို့ ခုလုပ်နေတဲ့ သင်ရဲ့ အလုပ်တွေကို စိစစ်ရမယ်။ အကြံကောင်း၊ အပြောကောင်း၊ အလုပ်ကောင်းနေပြီလားလို့။

အကောင်းဆုံးမဖြစ်တောင် အဆိုးဆုံးဖြစ်မသွားဖို့ သတိပြုရမယ်။ အဆိုးဆုံးဟာ အကောင်းဆုံးနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်လေ။ ဆန့်ကျင်ဘက်နှစ်ခု ကျောပေးလျှောက်သလို လျှောက်လေ ဝေးလေပဲ မဟုတ်လား။

အသိရှိပါ။ သတိမလွတ်ပါစေနဲ့။

Notes

Comments

မနာပဒါယီ အရှင်ဝိစိတ္ထ

အပြစ်မဲ့ဆုတောင်း

- အရိပ်လာခိုသူကို အရိပ်ဖြင့် အေးမြပေးနိုင်သူ ဖြစ်ရပါလို၏။
- အရိပ်ချိုးသူကိုလည်း မေတ္တာမယုက် ခွင့်လွှတ်နိုင်သူ ဖြစ်ရပါလို၏။
- ရန်လိုသူကို ရန်တုံ့မမူခြင်းဖြင့် သည်းခံနိုင်သူ ဖြစ်ရပါလို၏။
- ချစ်ခင်သူကိုလည်း အပြစ်ပြင်ပေးခြင်းဖြင့် အကျိုးဆောင်သူ ဖြစ်ရပါလို၏။
- အဆုံးအမလိုသူကို အသုံးကျလာအောင် ပြုပြင်ပေးနိုင်သူ ဖြစ်ရပါလို၏။
- ဆုံးမလာသူကိုလည်း ကြီးငယ်မဟူ လက်ခံနိုင်စွမ်းရှိသူ ဖြစ်ရပါလို၏။
- အမှန်တရားကို လက်ခံနိုင်စွမ်းရှိ၍ အမှားကိုလည်း ပြုပြင်နိုင်စွမ်းရှိသူ ဖြစ်ရပါလို၏။
- ကျေးဇူးတရားကို သိတတ်၍ ကျေးဇူးရှိ သူကို အသိအမှတ်ပြုနိုင်သူ ဖြစ်ရပါလို၏။
- ကိုယ့်ထက်သာသူအပေါ် မုဒိတာတရား ထားနိုင်

၍ ကိုယ့်လောက် အဆင်မပြေသူပေါ် ကရုဏာ ထားနိုင်သူ ဖြစ်ရပါလို၏။

ညော်- ဆုတောင်းနေရုံနဲ့ ဘယ်ပြည့်မလဲ လေ။ လက်တွေ့ ကျင့်ကြံနေထိုင်နိုင်မှ ဒီဆုတွေ ကိုယ်ရမှာပေါ့။ ကျင့်သုံးနိုင်သလောက် ကျင့်သုံး နိုင်ရင် ကျင့်နိုင်တာနဲ့အမျှ ပြည့်စုံသွားမှာ အမှန်ပါပဲ။

Like | Comment | Share

Status | Photo | Check In

Comments

မနာပဒါယီ အရှင်ဝိစိတ္တ

မလိုချင်၍ မဟုတ်ပါ။
အလိုဆိုး မဖြစ်စေရန်မျှသာ

"မလိုချင်ရင် ရတယ်ဆိုတာထက် ရတိုင်းလည်း မလိုချင်အောင် ကြိုးစားဖို့က ပိုခက်လှ၏"

မကြာသေးခင်က ဘုန်းဘုန်း ယိုးဒယားကြွ ဆေးကုမယ်ဆိုတော့ ကိုရီးယားကျောင်းက အကျိုးဆောင်များနဲ့ ကိုရီးယားရောက် ဒကာကလေးများက တတ်နိုင်သမျှ ဆေးကုသစရိတ် လှူချင်ကြောင်း လှမ်းလျှောက်သလို နိုင်ငံခြားမှာ ရောက်နေတဲ့ ညီမငယ်တစ်ယောက်လို တန်ဖိုးထားရတဲ့ ပါရမီရှင် ဒကာမတစ်ယောက်ကလည်း ထိုင်းဘတ်ငွေ နှစ်သောင်း လှူချင်ကြောင်း လှမ်းလျှောက်ပါတယ်။ ဘုန်းဘုန်းက လှူဖို့လျှောက်ထားတဲ့ သူတို့ကို လိုတဲ့အခါ ပြောမယ်ဆိုပြီး အလှူလက်မခံဖြစ်ခဲ့ပါဘူး။ လှူချင်တာ မလှူရတဲ့အတွက် ညီမငယ် ဒကာမကတော့ စိတ်ထဲမှာ တစ်မျိုး ဖြစ်ကောင်းဖြစ်သွားနိုင်ပါတယ်။ သူတို့ရဲ့ သဒ္ဓါတရားကို လက်မခံချင်လို့ မဟုတ်သလို ဘုန်းဘုန်းအနေနဲ့လည်း မလိုချင်လို့၊ အလှူမခံချင်လို့ မဟုတ်ပါဘူး။ လိုတာကတော့ လိုတာပေါ့။

ဒါပေမဲ့ ဘုန်းဘုန်းက အလှူခံတဲ့အခါ ကိုယ်ရရှိရေးအတွက်ကို ဦးစားသိပ်မပေးဖြစ်ပါဘူး။ အလှူပေးပုဂ္ဂိုလ်တွေဘက်ကို အမြဲစဉ်းစားလေ့ရှိပါတယ်။ သူတို့မှာ ပြည့်စုံလား၊ မပြည့်စုံလားဆိုတာပါ။ ချမ်းသာပိုလျှံတဲ့သူတွေ လာလှူရင်တော့ လက်ခံဖြစ်ပါတယ်။ မျက်နှာကြီးရာကို ဦးစားပေးတာ မဟုတ်ပါဘူး။ ပြည့်စုံနေတဲ့ သူတို့တွေမှာ ဘဝရပ်တည်ရေး ပူစရာ မလိုတဲ့အတွက်ကြောင့်ပါ။ တစ်ခါတလေ ကိုရီးယားမှာ အလုပ်လုပ်ကြတဲ့ ကလေးတွေ ကျောင်းကို လာလှူတဲ့အခါဆိုရင်လည်း သူတို့ကို အမြဲမေးဖြစ်တယ်။ "ငါ့ညီတို့ အဆင်ပြေရဲ့လား" ဆိုတာ။ အဆင်မပြေရင် အများကြီး မလှူဖို့လည်း ပြောလေ့ရှိပါတယ်။ ဒါဟာ သူတို့အလှူကို တားမြစ်တာ မဟုတ်ပါဘူး။ သူတို့လေးတွေဘက်က အမြဲတမ်း စဉ်းစားပေးတာပါ။ အသင့်အတင့်လှူပြီး ဘဝရှေ့ရေး အတွက်လည်း စုမိဆောင်းမိ ဖြစ်စေချင်တာပါ။ ပြီးတော့ ဘုန်းဘုန်းရဲ့ စိတ်ကိုလည်း ရသမျှ လိုချင်နေတတ်တဲ့ အလိုဆိုး မဖြစ်အောင်လည်း လိုချင်မှုကို ဉာဏ်နဲ့ယှဉ်ပြီး လက်ခံတဲ့ သဘောပဲ ဖြစ်ပါတယ်။ မိမိမှာ ပြည့်စုံနေလို့လားဆိုတော့လည်း အဲဒီလောက်ကြီး မဟုတ်ပါဘူး။ ကိုယ့်ပြည့်စုံမှုထက် တစ်ဖက်က လိုအပ်ချက်ကို စဉ်းစားပေးတဲ့ သဘောပဲ ဖြစ်ပါတယ်။

ကိုရီးယားအဖွဲ့တွေ လှူမယ်ဆိုတုန်းက လိုရင်ပြောမယ်ဆိုတာဟာ ဟိုဘက်မှာ ကျောင်းပိုင်ဝယ်ယူရေး အလှူငွေ စုဆောင်းနေရတဲ့ အခြေအနေမျိုး ဖြစ်နေတာကတစ်ကြောင်း၊ ကိုယ့်မှာလည်း ဆေးကု

ဖို့အတွက် တအားခက်ခဲနေတဲ့ အခြေအနေ မဟုတ်
တာကတစ်ကြောင်း စတာတွေကြောင့် လက်မခံဖြစ်ဘဲ
ကျောင်းပိုင်ဖြစ်မြောက်ရေး ဦးစားပေး စုဆောင်းကြဖို့
ပြောခဲ့တာ ဖြစ်ပါတယ်။ တန်ဖိုးထားရတဲ့ ညီမငယ်
တစ်ယောက်က ဘတ်ငွေနှစ်သောင်း လှျချင်တယ်လို့
ပြောတုန်းကလည်း မိမိရရှိရေးအတွက် မစဉ်းစား
ဖြစ်ဘဲ သူတို့ဘဝအတွက် ဦးစားပေး စဉ်းစားရင်း
လိုတော့ ပြောမယ်ဆိုပြီး အကြောင်းပြန်ခဲ့တာပါ။
ဒကာမလေးကတော့ သူ့အလှျကို လက်မခံချင်လို့၊
သူအလေးထားသလို သူ့အပေါ် မတုံ့ပြန်ချင်လို့လို့
နားလည်မှု လွဲကောင်းလွဲနိုင်မှာပါ။ ဘုန်းဘုန်း၏
စေတနာနဲ့ မေတ္တာဟာ ဘုန်းဘုန်းကိုယ်တိုင် အသိ
ဆုံးပဲ ဖြစ်ပါတယ်။

အမှန်တော့ နိုင်ငံခြားမှာ ရောက်နေတဲ့
ဘုန်းဘုန်းတို့ မြန်မာလူမျိုးတွေရဲ့ ဘဝရပ်တည်ရေး
နဲ့ ရုန်းကန်နေရတဲ့ အနေအထားကို ဘုန်းဘုန်းက
ကိုယ်ချင်းစာလို့ပါ။ သူတို့ဘဝတွေဟာ နိုင်ငံခြားမှာ
အလုပ်လုပ်ပြီး ဝင်ငွေလေးတွေ ရှိနေကြပေမယ့် သူတို့
ကိုယ်ပိုင် အိမ်ထောင်စုဘဝ၊ မြန်မာပြည်မှာရှိတဲ့ သူတို့
မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းတွေရဲ့ ဘဝအတွက်
ရှာဖွေစုဆောင်းရတာတွေ ရှိနေကြတော့ သူဟာနဲ့
သူတောင် အတော်ရုန်းကန်နေရတာ မဟုတ်လား။

တစ်ခါတလေ စက်ဘူမှာရောက်နေတဲ့
ဘုန်းဘုန်း၏ ရဟန်းဒကာမ သူငယ်ချင်းတွေက
စက်ဘူကို အလည်ကြွဖို့ ပင့်ကြတယ်။ ဘုန်းဘုန်းက
အလည်သက်သက်ကတော့ ရောက်ဖူးပြီးသားဖြစ်လို့
မကြွလိုကြောင်း၊ တရားပွဲဆိုရင်တော့ ကြွဟောပေး

မည်အကြောင်း ပြောဖြစ်ပါတယ်။ အလည်သက်သက် ဘာဖြစ်လို့ မကြွလိုတာလဲဆိုတော့ ဘုန်းဘုန်းကြွတဲ့ အခါ သူတို့တွေက လှူခွင့်ရလို့ ဝမ်းသာကောင်း ဝမ်းသာကြပေမယ့် တစ်ခါတလေ တချို့ဆိုရင် ဘုန်းဘုန်းကို ဟိုပို့ ဒီပို့ ပို့ရလို့ တစ်လစာ လစာ ကုန်သွားတာတွေလည်း ရှိပါတယ်။ ကိုယ်က အလည် သက်သက် သွားပေမယ့် သူတို့မှာ တစ်လလုံးလုံး ပင်ပင်ပန်းပန်း ရှာဖွေထားရတာ မဟုတ်လား။ အဲဒါ လေးတွေ တွေးမိပြီး ကိုယ်ချင်းစာလို့ ဘုန်းဘုန်းက တော်ရုံအလှူတွေဆိုရင် အလှူပေးပုဂ္ဂိုလ်ရဲ့ အခြေ အနေကို အမြဲစဉ်းစားပြီး လက်ခံလေ့ရှိတာပါ။ သူတို့ သဒ္ဓါတရားကို မချီးမြှောက်တာ မဟုတ်ပါဘူး။ လိုအပ်ရင် အထိုက်အလျောက်တော့ လက်ခံပေး ဖြစ်ပါတယ်။ အဓိကက သူတို့တွေကို သင့်တော် သလောက်သာ လှူစေပြီး ဘဝရပ်တည်ရေးအတွက် စုဆောင်းစေချင်လို့ပဲ ဖြစ်ပါတယ်။

ဗုဒ္ဓစာပေတွေမှာ ရဟန်းတော်များ အလှူခံ မှုနဲ့ ပတ်သက်ပြီး လမ်းညွှန်ပေးထားတာတွေလည်း ရှိတယ် မဟုတ်လား။

- အလှူပေးပုဂ္ဂိုလ်က သဒ္ဓါတရားက အားကောင်း ပြီး လှူဖွယ်ဝတ္ထုက သိပ်အပြည့်အစုံကြီး မဟုတ်တဲ့အခါမျိုးမှာ လှူဖွယ်ဝတ္ထုကိုင့်ပြီး သင့်တင့်သလို အလှူခံဖို့၊
- လှူဖွယ်ပစ္စည်းက ပေါများပြီး သဒ္ဓါတရားက နည်းနေတယ်ဆိုရင် သဒ္ဓါရှိသလောက်သာ အလှူခံဖို့၊

- လျှုဖွယ်ပစ္စည်းကလည်းနည်း၊ သဒ္ဓါတရားက လည်း နည်းနေတယ် ဆိုရင် အနည်းငယ်သာ အလှူခံဖို့နဲ့
- သဒ္ဓါတရားလည်းအား ကောင်း၊ လှူဖွယ် ပစ္စည်းဝတ္ထုကလည်း အလွန်ပြည့်စုံနေရင်တောင် မှ မိမိစားနိုင်ရုံ၊ မျှတရုံလောက်ပဲ အလှူခံဖို့ ညွှန်ကြားချက်များ စာပေမှာ ရှိထားပြီး ဖြစ်ပါ တယ်။

ဒါကြောင့် အလှူခံမှုနဲ့ ပတ်သက်ပြီး ဘုန်းဘုန်းတစ်ပါးတည်းရဲ့ ခံယူချက်သက်သက်အနေ ဖြင့် မိမိသည် မလိုချင်၍ မဟုတ်ပါ။ အလိုဆိုးမဖြစ် ဖို့အတွက် တချို့အလှူများကို အများကြီး စဉ်းစား ပြီးမှ လက်ခံပါသည်ဆိုသည့်အကြောင်း ဘုန်းဘုန်း အပေါ် နားလည်မှု လွဲသူများနှင့် ဘုန်းဘုန်းနဲ့ ဆက်နွယ်သူများအား ဤစာစုဖြင့် အသိမျှလိုက်ရပါ တယ်။ အားလုံး နားလည်နိုင်ကြပါစေ။

သေချာသည်မှာ မိမိသည် မလိုချင်၍ မဟုတ်ပါ။ ရသမျှ လိုချင်နေသည့် အလိုဆိုးရှိသူ မဖြစ်အောင် ကြိုးစားနေခြင်းသာ ဖြစ်ပါသည်။

Like | Comment | Share

Status | Photo | Check In

Notes